# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (21-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်းတွင် ရေကြီးရေကျော်မှု ကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ယနေ့မှစတင်၍ ပြန်လည်ပြေးဆွဲ





ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်းအတွင်း ရေကြီး၊ ရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုအား ဝန်ထမ်းများက စစ်ဆေးပြုပြင်ပေးခဲ့မှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၀

လက်ရှိမိုးရာသီကာလအတွင်း ဇူလိုင် ၂၇ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီးရေကြီး ရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း အတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့ အတွင်း နေရာအချို့တွင် ရထားသံလမ်း အပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများရေတိုက်စားခံရခြင်းတို့ကြုံတွေ့ခဲ့ရသဖြင့် ရထားခရီးစဉ်များကို ယာယီရပ်နားထားခဲ့ရပြီး ရေကျော်စီးဆင်းနေသော နေရာများတွင် ရေကင်းစောင့်ဝန်ထမ်းများ နေ့ညမပြတ်တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက သံလမ်းပြေးယာဉ် RGC များအသုံးပြု၍ ကျောက်များချခြင်း၊ ရထားလမ်းနှင့် တံတားများ၏ ကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယခုအခါ ဩဂုတ် ၁၉ ရက် တိုင်းတာစစ်ဆေးချက်များအရ ဇရပ်လှ-ရေကြည်လမ်းပိုင်းအတွင်း သံလမ်းမျက်နှာပြင်အောက် တစ်လက်မခန့်ထိ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားလမ်းပိုင်းနှင့်တံတားကြံ့ခိုင်မှုများစစ်ဆေးမှုအရ ရထားများဖြတ်သန်းစေလွှတ်နိုင်ပြီဖြစ်၍ သံလမ်းပြေးယာဉ် RGC များဖြင့်

စာမျက်နှာ ၁၇ ကော်လံ ၁

**စစ်ကိုင်း အရိယဝံသချောင် ရုပ်စုံကျောင်း**

ဆောင်းပါး

စာမျက်နှာ- ၄

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်ကြေညာ**

စာမျက်နှာ- ၁၈

**ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ- ၃




ရတနာပုံ
၂၀၁၉ ခုနှစ် ဩဂုတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ကျန်းမာရေးကဏ္ဍမြင့်မားစေရေး

“အာရောဂျံ ပရမံလာဘံ” ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပေသည်။ မိမိကျန်းမာရေးမှသည် မိသားစုကျန်းမာရေး၊ ထိုမှသည် နိုင်ငံတစ်နိုင်ငံလုံးကျန်းမာရေးကဏ္ဍ မြင့်မားရေးကို အလေးထားဆောင်ရွက်ကြရပေမည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေးကဏ္ဍသည် အလွန်အရေးကြီးသည်။ ကျန်းမာသန်စွမ်းသောလူငယ်များ မွေးဖွားပေါ်ပေါက်လာမှသာ နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် အခြားသောနိုင်ငံ့တာဝန်များကို ကောင်းမွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်းရှိပြည်သူများ၏ မျှော်မှန်းသက်တမ်းမှာ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအချက်အလက်များအရ အမျိုးသား ၆၃ ဒသမ ၄ နှစ်၊ အမျိုးသမီး ၇၂ ဒသမ ၂ နှစ်ဖြစ်ပြီး ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၇ နှစ်ဖြစ်သည်။ အဆိုပါအခြေအနေသည် အရှေ့တောင်အာရှနိုင်ငံများတွင် အနိမ့်ဆုံးအခြေအနေဖြစ်သည့်အလျောက် ပြည်သူများ၏ မျှော်မှန်းသက်တမ်းပိုမိုမြင့်မားလာစေရန် အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်စားသောက်ကြရေး၊ ရောဂါများကြိုတင်ကာကွယ်ရေးနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာစေရေးများကို အလေးထားဆောင်ရွက်ပေးရန်လိုအပ်သည်။

ယာယီသမ္မတ(တာဝန်)တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇူလိုင် ၃၁ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)တွင် **“ကျန်းမာရေးကဏ္ဍမြှင့်တင်မှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက်ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ဆေးရုံသုံးစက်ကိရိယာများဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကိုအသုံးပြုသွားမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာပြန်လည်ခန့်အပ်နိုင်ရန်အတွက် “ဆေးရုံတိုင်းဆရာဝန်ရှိရမည်” ဆိုသည့်မူကိုချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှလုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏နေရာများတွင် ပြန်လည်အစားထိုးခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးက ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပံ့ပိုးမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး ကျန်းမာသော လူနေမှုဘဝပုံစံမြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ အသစ်ဖြစ်ပေါ်လာမည့် ကူးစက်ရောဂါများနှင့် ပြန်လည်ခေါင်းထောင်လာမည့်ကူးစက်ရောဂါများစောင့်ကြည့်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော ကျန်းမာရေးစနစ်အဆင့်မြှင့်တင်ရေး၊ ပြောင်းလဲတိုးတက်လာသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအရည်အသွေးမြှင့်တင်နိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံစိတ်ချရမှုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလုပ်ဆောင်လျက်ရှိပြီး လူသားတိုင်း၏ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကိုပြည့်ဝစွာရရှိစေရေးကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနည်းပြသင်တန်းဖွင့်ပွဲသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်ကွပ်ကဲညွှန်ကြားမှု၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများ၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းကာလမှာ ၁၀ ရက်တာဖြစ်ပြီး သင်တန်းသားအများစုသည် ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံများ ရှိပြီးသားဖြစ်သည့်အတွက် သင်တန်းကဆွေးနွေးပို့ချချက်များ၊ အတွေ့အကြုံများ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး မြေပြင်အခြေအနေနှင့်ကိုက်ညီအောင် အကောင်းဆုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းဆိုင်ရာ TV Spot ကို ပြသပြီး တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက သင်တန်းသားတစ်ဦးအား သင်တန်းအထောက်အကူပြုပစ္စည်းများပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသောသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေးပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန် ပိဿာချိန် ၈၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန် ပိဿာချိန် ၈၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ငါးတန်များအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးတန် ပိဿာချိန် ၆၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတွင်း ငါးတန် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ငါးတန် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားကောင်းလာတော့ ငါးတန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၉၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးတန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၈၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၉၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပျော်ဘွယ် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မင်းလှသာစည်ကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မင်းလှသာစည်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းလှသာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ၁၉၈၂-၁၉၈၇ ခုနှစ် ရန်ကုန်-ဥပဒေပညာသူငယ်ချင်းများက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားပျံ စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ကျားပျံ စပါးအမျိုးအစား တင်းရေ ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးအမျိုးအစားတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့အခြားလယ်ယာထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့စပါး အမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှု များခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များအလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျိုက်မရောမြို့နယ် ကော့နွတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျိုက်မရော ဩဂုတ် ၂၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ ကော့နွတ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ကော့နွတ်ကျေးရွာ၌ စက်ရေတွင်း အနက် ပေ ၂၀၀၊ အကျယ်လေးလက်မ၊ စင်မြင့်ရေစင် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေတည်ဆောက်ခြင်း၊ ရေစက်ရုံအလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း ပေ ၂၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၃ သန်းဖြင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လပထမပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သုတ**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဩဂုတ် ၂၀**


စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၈၄၉ ဧကနှင့်မိုးပဲတီစိမ်း ၁၇၆၉၃ ဧက စုစုပေါင်း ၂၃၅၄၂ဧကတို့စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ဧက ၂၁၉၀ နှင့် မိုးပဲတီစိမ်း ၁၂၉၆၄ ဧက စုစုပေါင်း ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ၂၃၅၄၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၅၁၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# စစ်ကိုင်းအရိယဝံသချောင် ရုပ်စုံကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင် တည်ဆောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းအများစုတွင် အပြောက်အမွမ်းများကို ဦးစားပေးထည့်သွင်းတန်ဆာဆင်ခဲ့ကြသည်။ အချို့ဘုန်းကြီးကျောင်းများတွင် အပြောက်အမွမ်းများအပြင် ပန်းပုရုပ်များကိုပါ ထည့်သွင်းအလှဆင်ခဲ့ကြရာ ထိုကျောင်းများကို ရုပ်စုံကျောင်းဟု ခေါ်ဆိုခဲ့သည်။

မြန်မာနိုင်ငံရှိ ထင်ရှားသော ရုပ်စုံကျောင်းများတွင် အလှဆင်ထားသည့် သစ်သားပန်းပုရုပ်များ၏ဟန်သည် ဗုဒ္ဓဝင်ဇာတ်တော်များ၊ နိပါတ်တော်လာဇာတ်လမ်းများနှင့် ဓမ္မပဒကျမ်းမှ ဇာတ်ကွက်များတွင်ပါရှိသည့် ဇာတ်ခန်းတစ်ခုခုကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

လက်ရာမြောက်သည့် ပန်းပုရုပ်များဖြင့် တန်ဆာဆင်ထားသည့် ရုပ်စုံကျောင်းများအနက် မန္တလေးတောင်ခြေရှိ မန္တလေးရုပ်စုံကျောင်း၊ စစ်ကိုင်းတောင်ရိုးရှိအရိယဝံသချောင် ရုပ်စုံကျောင်း၊ မင်းဘူးစလင်းကားလမ်းအနီးရှိ စကုရုပ်စုံကျောင်း၊ စလင်းမြို့ဝက်သည်းကန်အနီးရှိ စလင်းရုပ်စုံကျောင်း၊ လယ်ကိုင်းရှိ ရုပ်စုံကျောင်းနှင့် စလေမြို့ရှိ ရုပ်စုံကျောင်းတို့သည် အလွန်ထင်ရှားကြသည်။

၎င်းတို့အနက် စစ်ကိုင်းရုပ်စုံကျောင်းကို မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ထား၍ အချို့ကျောင်းများကပျက်စီးနေပြီဖြစ်သည်။ စစ်ကိုင်းရုပ်စုံကျောင်းသည် စစ်ကိုင်းတောင်ရိုး အရိယဝံသချောင်တွင်တည်ရှိသဖြင့် အရိယဝံသချောင်ရုပ်စုံကျောင်းဟုလည်းခေါ်ဆိုကြသည်။

**သမိုင်းထဲက စစ်ကိုင်း**

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံခေတ်နှောင်းပိုင်း၌ ပုဂံနှင့်အတူ ခေတ်ပြိုင်တည်ထောင်ခဲ့သည့် စစ်ကိုင်းသည် များပြားသောရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုစည်းနေသည့် နေရာတစ်ခုအဖြစ် ထင်ရှားကာ စစ်ကိုင်းမြို့ဝန်းကျင်၌ မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများကို ယနေ့တိုင်မြင်တွေ့ကြရသည်။

ဗုဒ္ဓသာသနာထွန်းကားခဲ့သည့် မြန်မာနိုင်ငံတွင် စေတီပုထိုးအမြောက်အမြားကို နိုင်ငံတစ်ဝန်း၌ တွေ့ရှိရသကဲ့သို့ စစ်ကိုင်းဒေသဝန်းကျင်တွင်လည်း ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများကို ဖူးတွေ့ကြရပေသည်။ စစ်ကိုင်းတောင်ရိုးတစ်လျှောက်ရှိ များပြားလှသည့် ထုံးဖြူဖြူစေတီများသည်ပင် စစ်ကိုင်းမြို့၏ အမှတ်လက္ခဏာတစ်ခုဖြစ်သည်။

ကုန်းဘောင်ခေတ် မြို့တော်ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည့် စစ်ကိုင်းသည် မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် ဇေယျာပူရအမည်ဖြင့် ထင်ရှားခဲ့သည်။ စစ်ကိုင်းမြို့သည် မန္တလေးမြို့မှ ၁၂ မိုင်အကွာတွင် မင်းဝံတောင်တန်း၏ အောက်ဘက်၌တည်ရှိသည်။

ဦးဖေမောင်တင်နှင့် ဂျေအက်စ်ဖာနီဗယ်တို့ တည်းဖြတ်သည့် ဇမ္ဗူ့ဒီပဥဆောင်းကျမ်းတွင် "စစ်ကိုင်းနယ်ကား အရှေ့ကိုလားသော် ဧရာဝတီ၊ တောင်ကိုလားသော် ဧရာဝတီ၊ အနောက်ကိုလားသော် ဆောက်တောအင်းထွက်ချောင်း၊ မြောက်ကိုလားသော် မန်ကျည်းစည်"ဟု စစ်ကိုင်းမြို့အကျယ်အဝန်းကို ဖော်ပြခဲ့သည်။

ပုဂံပျက်လုနီးအချိန်တွင် မင်းညီနောင် သုံးပါးအနက် အငယ်ဆုံးဖြစ်သော တစ်စီးရှင်သီဟသူ၏သား စောယွမ်းသည် သက္ကရာဇ် ၆၇၇ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်) တွင် စစ်ကိုင်းမြို့ကိုတည်၍ 'သီရိအသင်္ချယာ'ဟူသောဘွဲ့မည်ကိုခံယူ၍မြောက်ဘက်တစ်လွှားကို မင်းပြုခဲ့သည်။ ထို့ကြောင့် စစ်ကိုင်းမြို့တည်နှစ်ကို "သားတိုးတိုင်း၊ စစ်ကိုင်းတည်" ဟုလည်းကောင်း၊ "သံတံတိုင်း၊ စစ်ကိုင်းတည်"ဟုလည်းကောင်း မှတ်သားခဲ့ကြသည်။

စစ်ကိုင်းမြို့အမည်တွင်ပုံကို သာသနာသက္ကရာဇ် ၄၀ ပြည့်နှစ်၌ တကောင်းဘုရင် သတိုးမဟာရာဇာ၏ မိဖုရားသည် မျက်မမြင်သားတော်နှစ်ပါးဖြစ်သည့် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ အမြွှာညီနောင်ကိုဖွားမြင်ခဲ့ကြောင်း၊ ဖခင်ဘုရင်က မျက်မမြင်သားနှစ်ယောက်ကို သတ်ခိုင်းသော်လည်း မိခင်မိဖုရားကြီးကမသတ်ဘဲ အသက် ၁၉ နှစ်အရွယ်ထိဝှက်ထားခဲ့ပြီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်တစ်ဖောင်ပေါ်တင်ကာ မျှောလိုက်ကြောင်း၊ မျက်မမြင်ညီနောင်သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့်မျှောပါလာကြရာ စစ်ပင်ကြီးတစ်ပင်၏အကိုင်းနှင့်ဖောင်ချိတ်မိကြောင်း၊ ထိုအချိန်မှစ၍ ကိုင်းနေသည့် စစ်ပင်ကြီးရှိနေသည့် ထိုအရပ်သည် စစ်ကိုင်းဟု အမည်တွင်ခဲ့ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည်။

စစ်ကိုင်းမြို့တော်တွင် မင်းဆက် ခုနစ်ဆက်က နှစ် ၅၀ ကျော်စိုးစံခဲ့ကြရာတွင် အသင်္ချယာစောယွမ်းက ရှစ် နှစ်၊ နောင်တော် တရုတ်ဖျားက ၁၄ နှစ်၊ တရုတ်ဖျား၏ သား ရွှေတောင်တက်က သုံးနှစ်၊ အသင်္ချယာစောယွမ်း၏သား ကျော်စွာက ၁၀ နှစ်၊ ညီ နော်ရထာမင်းရဲက ခုနစ်လ၊ ညီဆင်ဖြူရှင်တရာဖျားငယ်က သုံးနှစ်နှင့် မင်းပြောက်က ၁၃ နှစ် အုပ်စိုးခဲ့သည်။

**လက်ရှိ စစ်ကိုင်းမြို့**

လက်ရှိစစ်ကိုင်းမြို့နယ်သည် အရှေ့မှ အနောက်သို့ ၂၄ မိုင်၊ တောင်မှမြောက်သို့ ၂၇ မိုင်ရှည်လျား၍ ၄၈၅ ဒသမ ၁၆ စတုရန်းမိုင်ကျယ်ဝန်းသည် စစ်ကိုင်းမြို့၏ အကျယ်အဝန်းသည် ၁၂ ဒသမ ၆၁၂ စတုရန်းမိုင်ဖြစ်သည်။

စစ်ကိုင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မြင့်၍ အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့်အမရပူရမြို့နယ်၊ အနောက်ဘက်တွင် မုံးမြစ်နှင့် မြင်းမူမြို့နယ်၊ တောင်ဘက်တွင် ဧရာဝတီမြစ်၊ တံတားဦးမြို့နယ်နှင့်ငါန်းဇွန်မြို့နယ်၊ မြောက်ဘက်တွင် ဝက်လက်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။

စစ်ကိုင်းမြို့နယ်ကို မြို့နှစ်မြို့(စစ်ကိုင်းနှင့်ဆားတောင်)၊ ရပ်ကွက် ၃၄ ရပ်ကွက်၊ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာ ၁၇၇ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်ကိုင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် စာရင်းအရ စစ်ကိုင်းမြို့နယ်၏ လူဦးရေသည် ၂၈၈၀၇၄ ဦးဖြစ်သည်။

စစ်ကိုင်းသည် သမိုင်းစဉ်ရှည်လျားသော ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည့်အားလျော်စွာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်ကိုင်းမြို့နယ်၌ ဘုရား ၇၇၆ ဆူ၊ စေတီ ၁၃၇၇ ဆူ၊ ပုထိုး တစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၄၂၄ ကျောင်း၊ သီလရှင်ကျောင်း ၅၀၇ ကျောင်းရှိ၍ စစ်ကိုင်းမြို့နယ်တွင် ရဟန်း ၆၇၂၁ ပါး၊ သာမဏေ ၆၃၁၇ ပါး၊ သီလရှင် ၈၄၁၂ ပါး သီတင်းသုံးလျက်ရှိသည်။ ရဟန်းသံဃာအများစုသည် စစ်ကိုင်းတောင်ရိုးရှိ ချောင်များတွင်သီတင်းသုံးလျက်ရှိကြသည်။



စစ်ကိုင်းအရိယဝံသချောင် ရုပ်စုံကျောင်းကို တွေ့ရစဉ်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စစ်ကိုင်းမြို့နယ်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် စစ်ကိုင်းတောင်ရိုး အရိယဝံသချောင်ရှိ စစ်ကိုင်းရုပ်စုံကျောင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

**စစ်ကိုင်းရုပ်စုံကျောင်း**

စစ်ကိုင်းတောင်ပေါ်သို့တက်သည့် မော်တော်ကားလမ်း၏ လက်ဝဲဘက်အခြမ်းတွင်တည်ရှိသည့် အရိယဝံသချောင်၌ အင်းဝဘုရင် ဒုတိယမင်းခေါင် (၁၄၈၀-၁၅၀၁) တည်ဆောက်လှူဒါန်းခဲ့သည်ဟု ဆိုကြသည့် တစ်ပါးထိုင် ရုပ်စုံကျောင်းတစ်ကျောင်း တည်ရှိသည်။

အင်းဝခေတ်တွင် အလွန်ထင်ရှားခဲ့သည့် ရေငုံဆရာတော်ထံတွင်ပညာသင်ယူသည့် ဆရာတော်အရိယဝံသ၏ စာပေကျွမ်းကျင်တတ်မြောက်မှုကို ဒုတိယမင်းခေါင်က အလွန်ကြည်ညိုခဲ့ကာရုပ်စုံကျောင်းကို လှူဒါန်းခဲ့သည်။ အချို့က နရပတိမင်းလက်ထက်(၁၄၄၂-၁၄၆၈)ဟုလည်းဆိုကြရာ နရပတိနန်းတက်ချိန်နှင့် ဒုတိယမင်းခေါင်နန်းတက်ချိန်သည် ၃၈ နှစ်ကွာခြား၍ နရပတိနှင့်ဒုတိယမင်းခေါင်ကြားတွင် ပြည်စုန်မင်းသီဟသူ (၁၄၆၈-၁၄၈၀) က အင်းဝဘုရင်ဖြစ်ခဲ့သည်။

မူလစစ်ကိုင်းရုပ်စုံကျောင်းသည် သက်တမ်းနှစ် ၇၀၀ ကျော်ခဲ့ပြီဟုဆိုကြကာ လက်ရှိရုပ်စုံကျောင်းသည် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံထားသည့်ကျောင်းဖြစ်သည်။ ဆရာတော်အရိယဝံသ ပျံလွန်ပြီး နောက်ပိုင်းတွင် ရုပ်စုံကျောင်းပျက်စီးခဲ့သည်ဟုအဆိုရှိကာ ပျက်စီးခဲ့သည့် သက္ကရာဇ်မှတ်တမ်းကို အတိအကျမသိရှိကြချေ။ ယိုယွင်းပျက်စီးနေသည့် စစ်ကိုင်းရုပ်စုံကျောင်းကို သီတဂူဆရာတော်ဦးစီးကာ ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည်။

ဆရာတော်အရိယဝံသသည် ပင်းယ၊ တောင်စကားရွာဇာတိဖြစ်၍ ပင်ယနှင့်အင်းဝတွင် အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို သင်ယူခဲ့ပြီးနောက် စစ်ကိုင်းရေငုံဆရာတော်ထံတွင် စာဝါလိုက်ကာ ပိဋကတ်စာပေများကို ထပ်မံသင်ယူခဲ့သည်။ ထို့နောက် မဏိသာရမဉ္ဇူသာဋီကာ၊ မဏိဒီပဋီကာ၊ ဂန္ထာဘရဏပါဠိ၊ မဟာနိဿယ နှင့် ဇာတကဝိသောဓနကျမ်းတို့ကိုပြုစုခဲ့သည်။

**ရုပ်စုံကျောင်းတည်ဆောက်ပုံစနစ်**

စစ်ကိုင်းရုပ်စုံကျောင်းသည် တစ်ပါးထိုင်ကျောင်းဖြစ်သဖြင့် အခြားသောမြန်မာဘုန်းကြီးကျောင်းများကဲ့သို့ ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး၊ ဘောဂဆောင် စသည်တို့ မပါရှိချေ။ ရုပ်စုံကျောင်းသည် ပေ ၃၀ ဝန်းကျင်ပတ်လည်ရှိ၍ လေးထောင့်စပ်စပ် တစ်ထပ်အဆောက်အအုံငယ်တစ်ခုဖြစ်သည်။ သို့သော် ကျောင်းပတ်လည်ရှိ နိပါတ်တော်လာဇာတ်ကွက်ရုပ်တုများကြောင့် ထင်ရှားခဲ့သည်။ သို့တိုင်အောင် အချို့သောပန်းပုရုပ်များသည် ခိုးယူခြင်းခံခဲ့ရသဖြင့် ယခုအချိန်တွင် မူလလက်ရာပန်းပုရုပ်များစုံလင်စွာမကျန်ရှိတော့ချေ။

စစ်ကိုင်းရုပ်စုံကျောင်းကို တောအုပ်ငယ်များဝန်းရံနေသည့် တောင်ကုန်းငယ်တစ်ခုပေါ်တွင် တည်ဆောက်ထားပြီး ကျောင်းရှေ့တွင်ရှိသည့် လမ်းသည် ယခင်က တောလမ်းတစ်ခုဖြစ်ခဲ့ဟန်ရှိကာ ယခုအခါ၌ ကတ္တရာခင်းထားသဖြင့် မော်တော်ဆိုင်ကယ်၊ မော်တော်ကားတို့ဖြင့် အလွယ်တကူသွားရောက်နိုင်ကြပေသည်။

ရုပ်စုံကျောင်းကို အရှေ့အရပ်သို့မျက်နှာမူလျက် တောင်မြောက်တန်းကာ တည်ဆောက်ထားပြီး ကျောင်း၏အနောက်ဘက်တွင် သစ်ပင်များပေါက်နေသည့် တောင်စောင်းသာရှိသည်။ တစ်ချိန်က အလွန်အေးချမ်းဆိတ်ငြိမ်စွာတည်ရှိခဲ့သည့် နေရာဖြစ်သဖြင့် ဆရာတော်သည် ပရိယတ္တိနှင့်ပဋိပတ္တိအလုပ်ကိုကြောင့်ကြကင်းစွာဆောင်ရွက်နိုင်ခဲ့မည်ဖြစ်သည်။

ရုပ်စုံကျောင်းတွင် အခန်းသုံးခန်းပါရှိသဖြင့် တရားအားထုတ်သည့်အခန်း၊ စာကြည့်ခန်းနှင့် နားနေခန်းအဖြစ် အသုံးပြုခဲ့မည်ဟု ယူဆရပေသည်။ ကျောင်းပတ်လည်တွင်ဝရန်တာပါရှိသဖြင့် ကျောင်းတွင်သီတင်းသုံးသည့် ဆရာတော် စင်္ကြံလျှောက်ရန်စီစဉ်ခဲ့ပုံရသည်။

ရုပ်စုံကျောင်းသည် ကုန်းမြင့်ပေါ်၌ တည်ရှိသဖြင့် အုတ်လှေကားဖြင့် ကုန်းပေါ်သို့တက်ကြရသည်။ ကျောင်း၏ မူလလက်ရာဖြစ်သည့် သရက်ကင်းလှေကားနှင့် စိန်တောင်များကရှိနေဆဲဖြစ်သည်။

တစ်ချိန်ကလူသူအရောက်အပေါက်နည်းခဲ့သည့် အရိယဝံသချောင်မှ ရုပ်စုံကျောင်းသည် သစ်သားအဆောက်အအုံဖြစ်သဖြင့် ရာသီဥတုဒဏ်နှင့်ပိုးမွှားများဒဏ်ကြောင့် ယိုယွင်းပျက်စီးခဲ့မည်သာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုကြောင့် မြန်မာမှုလက်ရာ စစ်ကိုင်းအရိယဝံသချောင် ရုပ်စုံကျောင်းသည် ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျန်ရှိနေခဲ့ပေသည်။

**ကိုးကား-**


- မြန်မာစွယ်စုံကျမ်းအတွဲ(၄)
- မြန်မာမှုအဆင်တန်ဆာများနှင့်ဘုန်းကြီးကျောင်းများ(မောင်ယဉ်လှိုင်း၊ပျဉ်းမမြိုင်)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၀၈၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၀၈၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၁၂ ဧကကို ယခုနှစ် ဇွန်လ ပထမအပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၀၈၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ မိုးစပါး ၁၄၃၀၁၂ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီနေ့ထိ ၁၂၀၈၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေပါတယ်။ ဒီနှစ်မိုးစပါးစိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဒါမှလဲ ရိတ်သိမ်းတဲ့အခါ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစပါးတွေထွက်ရှိမှာဖြစ်ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးလျာထားချက် ပြည့်မီစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ ကွင်းဆင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန် နည်းပညာများပို့ချပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ကျေးမင်းအောက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေး

**သံတောင်ကြီး ဩဂုတ် ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးမင်းအောက်ကျေးရွာ၌ ပဥ္စမအကြိမ် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့်ဝန်ထမ်းများက ကျေးမင်းအောက်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို ရန်ပုံငွေကျပ် ၁၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

## အောင်ကြစေကြောင်း အောင်စေကြောင်း

- တိုင်းပြည်လူမျိုး ဂုဏ်မည်သို့ဖို့
  အမျိုးကိုချစ် နိုင်ငံချစ်သည့်
  ပြည်ချစ်စစ်သား ဇာနည်ဘွားတို့
  တရားသောစစ်မှာ အောင်ပါစေ။

- ပြည်ဖျက်လာသူ မည်သူကိုမျှ
  ခြေမချအောင် ကြိုးပမ်းဆောင်၍
  ပြည်ထောင်မကွဲ မပြိုလဲအောင်
  ထူးကဲသတ္တိ သင်တို့ရှိ၏။

- ဇာနည်မောင်ဘွား တပ်မတော်သားတို့
  စွန့်စားရဲသူ အောင်လံထူသည်
  ပြည်သူအားလုံး စိတ်နှလုံးမှာ
  အပြုံးများစွာ လက်ဆောင်သာဖြင့်
  မေတ္တာထူးကဲ ပို့သမြဲပါ။

- တို့ပြည်တို့တိုင်း တို့သမိုင်းကို
  မရိုင်းရအောင် ရဲသွေးဆောင်လျက်
  မရှောင်နေ့ည ပင်ပန်းလှလည်း
  လုံ့လမလျှော့ စိတ်မပျော့ဘဲ
  ဦးမော့လည်ပြန် ထမ်းရွက်မှန်၏။

- ပြည်သူချစ်သည့်
  ပြည်၏စစ်သား ဇာနည်များတို့
  သင်တို့ဆင်နွှဲ များတိုက်ပွဲမှာ
  အောင်ပွဲတွေရ ပျော်နိုင်ကြစေ
  ရန်စရန်ကြွင်း အလျှင်းမထား
  တရားသောစစ် အောင်ပါစေ။

- ကိုယ့်မြို့ကိုယ့်ရွာ ကာကွယ်ပါသည့်
  များစွာပြည်သူ မျိုးချစ်သူတို့
  တူညီခွန်အား မြတ်စိတ်ထားဖြင့်
  တရားသောစစ် အောင်ပွဲဖြစ်တည်
  စစ်မှာလည်းအောင် ပြည့်ဂုဏ်ဆောင်၍
  အောင်ကြစေကြောင်း အောင်စေကြောင်း။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်း ပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးပွဲ၌ ဂျပန်အစိုးရ ဒစ်ဂျစ်တယ်ဝန်ကြီးပါဝင်မည်

**တိုကျို ဩဂုတ် ၂၀**

လက်ရှိအာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဂျပန်အစိုးရဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာန ဝန်ကြီး တာရိုကိုနိုက စီစဉ်ထားကြောင်း ဂျပန်ပြည်တွင်း မီဒီယာများက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရွေးချယ်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်အစီအစဉ်ကို ဝန်ကြီး တာရိုကိုနိုက ဩဂုတ် ၂၆ရက်တွင် တရားဝင်ကြေညာမည်ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ခေါင်းဆောင်ရွေးချယ်ပွဲကို လာမည့် စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ဂျပန်အောက်လွှတ်တော်ကို အမတ်နေရာအများစု ထိန်းချုပ်ထားသည့်ပါတီဖြစ်ရာ ပါတီခေါင်းဆောင် ရွေးချယ်ပွဲ၌ အနိုင်ရရှိသူမှာ ဂျပန်ဝန်ကြီးချုပ်ရာထူးကို သေချာပေါက်နီးပါးရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူရို ၁၁ သန်းတန်ဖိုးရှိ ငွေစက္ကူတုများ ထုတ်ခဲ့သူကို ယူရိုပိုလ်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ရောမ ဩဂုတ် ၂၀**

ယူရိုငွေ ၁၁ သန်း(အမေရိကန်ဒေါ်လာ ၁၂သန်း)တန်ဖိုးရှိ ငွေစက္ကူအတုများ ရိုက်နှိပ်ထုတ်ဝေခဲ့သူအဖြစ်ယူဆရသော ငွေတုပြုလုပ်သူတစ်ဦးကို အီတလီနိုင်ငံ နေပယ်လ်မြို့၌ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဖမ်းဆီးခဲ့ကြောင်း ဥရောပ ရဲတပ်ဖွဲ့(ယူရိုပိုလ်)က ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ငွေတုပြုလုပ်သူ အမျိုးသားသည် ယူရိုငွေ ရှစ်သန်းတန်ဖိုးရှိ ယူရိုငွေစက္ကူတုများကို ဥရောပတစ်လွှား၌ရောင်းချထားဖွယ်ရှိကြောင်း ယူရိုပိုလ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

၎င်းအမျိုးသား၏ နေပယ်လ်မြို့ပုံနှိပ်တိုက်ကို ဝင်ရောက်စီးနင်းရှာဖွေစဉ် ယူရိုပိုလ်ရဲတပ်ဖွဲ့များက ယူရိုငွေစက္ကူတု သုံးသန်းနီးပါးကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

လက်ရှိဖမ်းဆီးထားသောငွေတုပြုလုပ်သူသည် ၂၀၂၃ ခုနှစ်အတွင်း ဥရောပတစ်လွှား၌ စစ်ဆေးသိမ်းဆည်းခဲ့ရသော ယူရိုငွေစက္ကူတုအားလုံး၏ ၂၇ ရာခိုင်နှုန်းအတွက် တာဝန်ရှိသူတစ်ဦးဖြစ်နိုင်ကြောင်း ယူရိုပိုလ်တာဝန်ရှိသူများက ပြောကြားသည်။

ယူရိုပိုလ်သည် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ ဌာနချုပ်ဖွင့်လှစ်ထားသော ဥရောပတိုက်လုံးဆိုင်ရာရဲတပ်ဖွဲ့ဖြစ်သည်။


ငွေတုပြုလုပ်သူ အမျိုးသားသည် ၎င်းထုတ်လုပ်ထားသော ယူရိုငွေစက္ကူသည် အများအပြားကို ပြင်သစ်နိုင်ငံမှတစ်ဆင့် ဖြန့်ဝေသုံးစွဲခဲ့ခြင်းဖြစ်ရာ ၎င်းအမျိုးသားကိုဖမ်းဆီးရာတွင် ပြင်သစ်ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်ခဲ့ကြောင်း ယူရိုပိုလ်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## နယ်စပ်ဖြတ်ကျော် ရထားလမ်းစီမံကိန်းအပါအဝင် သဘောတူညီချက် ၁၄ ချက်ကို တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ လက်မှတ်ရေးထိုး



**ပေကျင်း ဩဂုတ် ၂၀**

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ တာဝန်ရှိသူများသည် နယ်စပ်ဖြတ်ကျော် ရထားလမ်းစီမံကိန်းများ ဖော်ဆောင်ရေးမှသည် မိကျောင်းတင်ပို့မှုထိ ပါဝင်သော သဘောတူညီချက် ၁၄ ချက်ကို ဩဂုတ် ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး တိုလမ်းတို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အဆိုပါနှစ်နိုင်ငံသဘောတူညီချက် ၁၄ချက်ကို တရုတ်နှင့် ဗီယက်နမ် တာဝန်ရှိသူများက လက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းသည် ၎င်းရာထူးရရှိခဲ့ပြီးနောက် ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ဩဂုတ် ၁၈ ရက်တွင် စတင်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်ကို ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့်အစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို တန်ဖိုးထားကြောင်း ထပ်လောင်းအတည်ပြုသည့် ခရီးစဉ်အဖြစ် ဗီယက်နမ်ခေါင်းဆောင်တိုလမ်းက ပြောကြားထားသည်။

ဗီယက်နမ်သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် နည်းဗျူဟာများဖြည့်ဆည်းကူညီပေးရန် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးစဉ် တိုလမ်းက တောင်းဆိုခဲ့သည်။

ထို့ပြင် တရုတ်နှင့် ဗီယက်နမ်တို့ကြား ကာကွယ်ရေးနှင့်လုံခြုံရေးဆက်ဆံမှုမြှင့်တင်ရန်လည်း တရုတ်နှင့် ဗီယက်နမ်ခေါင်းဆောင်များက ဩဂုတ် ၁၉ ရက် တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းနိုင်ငံ ဒွန်းနက်ဒေသရှိ မြို့တစ်မြို့ကို ရုရှားတပ်များ သိမ်းပိုက်

**မော်စကို ဩဂုတ် ၂၀**

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်းနက်ဒေသမှ ဇာလစ်ဇ်နီအမည်ရှိ မြို့တစ်မြို့ကို ရုရှားတပ်များက သိမ်းပိုက်ထားနိုင်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ရုရှားတပ်များအနေဖြင့် ဇာလစ်ဇ်နီမြို့အနီးမှ တိုရက်ခ်အမည်ရှိမြို့ကိုလည်း အရှိန်အဟုန်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်းအဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တိုရက်ခ်မြို့သည် ဒွန်းနက်ဒေသ၌ ယူကရိန်းတပ်များ အခြေပြုလှုပ်ရှားနေသည့် မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တိုနက်ခ်မြို့သည် ၂၀၁၄ ခုနှစ်အတွင်း ရုရှားကျောထောက်နောက်ခံပြု ခွဲထွက်ရေးဝါဒီများ သိမ်းပိုက်ထားသော ရှေ့တန်းနယ်မြေများအနီးတည်ရှိသည့်မြို့လည်းဖြစ်သည်။

ရုရှားနိုင်ငံအနောက်ပိုင်း ခုစ်(စ်) နယ်မြေအတွင်းသို့ နယ်စပ်ဖြတ်ကျော် ထိုးဖောက်ဝင်ရောက်ရန် ယူကရိန်းတပ်များက ကြိုးပမ်းနေချိန်တွင် ရုရှားတပ်များက ဒွန်းနက်စ်ဒေသစစ်ဆင်ရေးများ၌အရေးသာလာခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း ယူကရိန်း စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ယူကရိန်းနယ်မြေအကျယ်အဝန်း၏ ငါးပုံ တစ်ပုံကို ထိန်းချုပ်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO



## အမျိုးသမီး ၄၀ ကျော်ကိုသတ်ဖြတ်ခဲ့သည့်အမျိုးသား ကင်ညာအချုပ်ခန်းမှထွက်ပြေး

**နိုင်ရိုဘီ ဩဂုတ် ၂၀**

အမျိုးသမီး အများအပြားကို သတ်ဖြတ်၍ နိုင်ရိုဘီမြို့ ကျောက်ကျင်းဟောင်းတစ်ခုအတွင်း စွန့်ပစ်ထားမှုဖြင့် ဖမ်းဆီးထားသော အမျိုးသားတစ်ဦး ရဲအချုပ်ခန်းမှ ထွက်ပြေး လွတ်မြောက်ခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ကောလင်းဂျူမိုင်ဆီအမည်ရှိ ၎င်းအမျိုးသားသည် အီရစ်ထရီးယားနိုင်ငံသား ၁၂ဦးနှင့်အတူ နိုင်ရိုဘီမြို့ ဂီဂီရီရဲစခန်းအချုပ်ထောင်ကို ချိုးဖောက်ထွက်ပြေးခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့က ပြောကြားထားသည်။

ကောလင်းဂျူမိုင်ဆီနှင့် အချုပ်သား အီရစ်ထရီးယားနိုင်ငံသားများသည် ယနေ့နံနက်ပိုင်းတွင် အကျဉ်းထောင်ကိုဖောက်၍ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

နိုင်ရိုဘီမြို့မှ ကွာရီအမည်ရှိ ကျောက်ကျင်းဟောင်းတစ်ခုတွင် အနည်းဆုံးအမျိုးသမီးခြောက်ဦးတို့၏ရုပ်အလောင်း ခြောက်လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ကင်ညာရဲတပ်ဖွဲ့သည် လူသတ်သမားအဖြစ်ယူဆရသူ ကောလင်းဂျူမိုင်ဆီကို ဇူလိုင်လအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဇနီးဖြစ်သူအပါအဝင် အမျိုးသမီး ၄၂ဦးကို သတ်ဖြတ်ခဲ့သည်ဟူ၍ ကောလင်းဂျူမိုင်းဆီက ဝန်ခံထားကြောင်း ကင်ညာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။


သို့ရာတွင် အဆိုပါထွက်ဆိုချက်ကိုရရှိရေးအတွက် ကောလင်းဂျူမိုင်ဆီကို ရဲတပ်ဖွဲ့က ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း တရားခံရှေ့နေများက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ကင်ညာအစိုးရရှေ့နေများက ငြင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း ကျောက်သားနမူနာများထဲတွင် ရေဓာတ်တည်ရှိမှုလက္ခဏာများတွေ့ရှိ



ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်က ရယူထားသည့် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း ကျောက်သားနမူနာများထဲတွင် ရေဓာတ်တည်ရှိမှု လက္ခဏာများ တွေ့ရှိထားကြောင်း ဩဂုတ် ၁၉ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ် ရယူထားနိုင်သည့် ကျောက်သားနမူနာများသည် အင်္ဂါဂြိုဟ်ပေါ်၌ အနည်းဆုံး ယာယီအားဖြင့် သက်ရှိများရှင်သန်နိုင်သော ပတ်ဝန်းကျင်မျိုးရှိခဲ့ဖူးသည်ကို သက်သေပြနေကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းကျောက်သားနမူနာများထဲတွင် ကာဗွန်နိတ်ကဲ့သို့ တွင်းထွက်ဓာတ်များတည်ရှိနေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် အဆိုပါ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း ကျောက်သားနမူနာများကို ၂၀၂၂ ခုနှစ်တွင် တူးဖော်ရယူထားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း ကျောက်သား နမူနာများထဲ၌ သာမန်အားဖြင့် ဆားငန်ရည်ထဲတွင် ဖွဲ့စည်းဖြစ်ပေါ်တတ်သော ဆာလ်ဖိတ် တွင်းထွက်ဓာတ်များကိုလည်း ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Rocket Lab ကုမ္ပဏီက တည်ဆောက်ပေးထားသော အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်ငယ်နှစ်စင်း ဖလော်ရီဒါပြည်နယ်သို့ရောက်ရှိ

ဝါရှင်တန် ဩဂုတ် ၂၀

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အတွက် Rocket Lab ကုမ္ပဏီက တည်ဆောက်ပေးထားသော အင်္ဂါဂြိုဟ် လေ့လာရေးအာကာသယာဉ်ငယ်နှစ်စင်းသည် ဖလော်ရီဒါပြည်နယ်သို့ ဩဂုတ် ၁၈ ရက်တွင် ရောက်ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ESCAPADE အမည်ရှိအဆိုပါ အမြွှာအာကာသယာဉ်ငယ်နှစ်စင်းကို ယခုနှစ် အောက်တိုဘာလတွင် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် ၎င်းအာကာသယာဉ် နှစ်စင်းကို ကယ်လီဖိုးနီးယားပြည်နယ် လော့ဘိချ်မြို့မှတစ်ဆင့် ဖလော်ရီဒါပြည်နယ်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် ESCAPADE အာကာသယာဉ်များသည် အင်္ဂါဂြိုဟ် သံလိုက်စက်ကွင်းနှင့် နေ၏ စွမ်းအင်အမှုန်စီးကြောင်းများ အပြန်အလှန်တုံ့ပြန်ဓာတ်ပြုပုံကို လေ့လာမည်ဖြစ်သည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Gleen ဒုံးပျံသည် အဆိုပါ အာကာသယာဉ်နှစ်စင်းကို အင်္ဂါဂြိုဟ်ရှိရာသို့ တိုက်ရိုက်ပို့ဆောင်ပေးမည်မဟုတ်ဘဲ ကမ္ဘာပတ်လမ်းပေါ်သို့သာ ပို့ဆောင်ပေးမည်ဖြစ်သည်။

ကမ္ဘာပတ်လမ်းကြောင်းပေါ် ရောက်ရှိချိန်တွင် ESCAPADE အာကာသယာဉ်နှစ်စင်းသည် ကိုယ်ပိုင် ဒုံးကန်အားစနစ်များသုံး၍ အင်္ဂါဂြိုဟ်ဆီသို့ ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## JUICE ကြာသပတေးဂြိုဟ်လေ့လာရေးအာကာသယာဉ် လဆီသို့ဦးတည်ပျံသန်းနေစဉ် ရေဒီယိုတယ်လီစကုပ်များဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ရောမ ဩဂုတ် ၂၀

ဥရောပအာကာသအေဂျင်စီ၏ JUICE ကြာသပတေးဂြိုဟ် လေ့လာရေး အာကာသယာဉ်ကို လဆီသို့ ဦးတည်ပျံသန်းနေစဉ် ရေဒီယို တယ်လီစကုပ်များဖြင့် ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

JUICE ကြာသပတေးဂြိုဟ်စနစ်လေ့လာရေးအာကာသယာဉ်ကို အီတလီနက္ခတ္တရူပသိပ္ပံပညာရှင် ဂီယန်လူကာမာဆီက ရေဒီယိုတယ်လီစကုပ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အီတလီသိပ္ပံပညာရှင် ဂီယန်လူကာမာဆီသည် လကမ္ဘာကို JUICE အာကာသယာဉ်အနီးကပ်မဖြတ်ကျော်မီ ၎င်းအာကာသယာဉ်ကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။

၎င်းဓာတ်ပုံကို ရိုက်ကူးချိန်တွင် JUICE အာကာသယာဉ်နှင့် ကမ္ဘာတို့ကြား အကွာအဝေးမှာ မိုင်ပေါင်း ၁ ဒသမ ၇ သန်းထိရှိနေသေးကြောင်း သိရသည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်ခရီးစဉ်အတွက်ဒြပ်ဆွဲအားအကူအညီရယူရန် ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကမ္ဘာဂြိုဟ်နှင့်ဂြိုဟ်ရံလကို အနီးကပ် ဖြတ်ကျော်ပျံသန်းမှုများပြုလုပ်ရန် စီစဉ်ထားသည်။

JUICE အာကာသယာဉ်သည် ၂၀၃၁ ခုနှစ်တွင် ကြာသပတေးဂြိုဟ်စနစ်အတွင်း စတင်ဝင်ရောက်နိုင်ဖွယ်ရှိသည်ဟု ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကြောက်မက်ဖွယ်ကောင်းသော မျောက်ကျောက်ရောဂါ ဗိုင်းရပ်သစ် ဥရောပတိုက်သို့ရောက်ရှိ

စတော့ဟုမ်း ဩဂုတ် ၂၀

ကြောက်မက်ဖွယ် အလွန်ကောင်းသော မျောက်ကျောက်ရောဂါဗိုင်းရပ်သစ်သည် ဥရောပတိုက်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ကျန်းမာရေး အာဏာပိုင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

Clade 1 ဟူ၍အမည်ပေးထားသည့် အဆိုပါ မျောက်ကျောက်ရောဂါ ဗိုင်းရပ်သစ်ကို ဆွီဒင်နိုင်ငံ၌ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆွီဒင်ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

မျောက်ကျောက် (Mpox) ရောဂါဗိုင်းရပ်ကူးစက်မှုကို နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ကြေညာခဲ့ပြီးနောက် Clade-1 မျောက်ကျောက်ရောဂါဗိုင်းရပ်ကို ဆွီဒင်နိုင်ငံ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မျောက်ကျောက်ရောဂါဗိုင်းရပ်သည် အာဖရိကပြင်ပ၌ တွေ့ရှိရသည့် ပထမဆုံးသော Clade-1 မျောက်ကျောက်ရောဂါဗိုင်းရပ်ဖြစ်ကြောင်း ဆွီဒင်တာဝန်ရှိသူများက အတည်ပြုထားသည်။

ထို့ပြင် အာရှတိုက်ရှိ ဖိလစ်ပိုင်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင်လည်း မျောက်ကျောက်ရောဂါဗိုင်းရပ်ကူးစက်မှုများ ရှိနေကြောင်း သိရသည်။

မျောက်ကျောက်ရောဂါဗိုင်းရပ်သည် ကွန်ဂို၊ ကင်ညာနှင့်ဂါဘွန်စသည့် အာဖရိကအလယ်ပိုင်းနိုင်ငံများ၌ အဓိက ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဖန်တီးနိုင်မှုစွမ်းရည် အခြေခံဝါသနာများက စိတ်ကျန်းမာရေးအခြေအနေကို ထိန်းထားနိုင်

လန်ဒန် ဩဂုတ် ၂၀

ပန်းချီဆွဲခြင်း၊ စာရေးခြင်းကဲ့သို့ ဖန်တီးနိုင်မှုစွမ်းရည်ကိုအခြေခံသည့် ဝါသနာများသည် စိတ်ကျန်းမာရေးအခြေအနေကို ထိန်းထားနိုင်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အင်ဂျလီယာရပ်စကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၇၂၀၀ တို့၏စိတ်ကျန်းမာရေးအခြေအနေနှင့် ၎င်းတို့၏ဝါသနာပါရာအလုပ်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ဖန်တီးမှုစွမ်းရည်အခြေခံဝါသနာများသည် စိတ်ကျန်းမာရေးအခြေအနေကို ထိန်းထားရာတွင် ထိရောက်မှုရှိသည်ကို တွေ့ရကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။


ဖန်တီးမှုစွမ်းရည် အခြေခံဝါသနာရှိသူများ၏ ဘဝအပေါ် ကျေနပ်နှစ်သိမ့်မှုအဆင့်သည် ထိုသို့သော ဝါသနာမျိုးမရှိသူများထက် ပိုမြင့်မားသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ဖန်တီးမှုစွမ်းရည် အခြေခံဝါသနာများနှင့် စိတ်ကျန်းမာရေးအခြေအနေများကြားမည်သို့ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးပေ။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် အများပြည်သူများ၏ စိတ်ကျန်းမာရေးအခြေအနေကို ထိန်းထားရေးအတွက် ကြိုးစားရာတွင် ဆေးပညာရှင်များ ထည့်သွင်းစဉ်းစားရမည့်အချက် ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






## ယူရိုပါလိဂ် Play-off အဆင့် ပ-အကျော့ပွဲကြိုသုံးသပ်ချက်

ML

**လူဂါနို Vs ဘက်ဆစ်တက်**

ကစားမည့်ရက်/အချိန် (၂၃-၈-၂၀၂၄ နံနက် ၀၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လူဂါနို ၀ - ၂ ဘက်ဆစ်တက်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လူဂါနို | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |
| ဘက်ဆစ်တက် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

လူဂါနိုအသင်းဟာ ခြေစစ်ပွဲတတိယအဆင့်မှာ ပါတီဇန်အသင်းကို နှစ်ကျော့ပေါင်းရလဒ်နဲ့ အနိုင်ရခဲ့ပေမဲ့ အိမ်ကွင်းခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးဘဲ နောက်ဆုံးအိမ်ကွင်း နှစ်ပွဲဆက်မှာလဲ ခံစစ်ပိုင်း ပေးဂိုးငါးဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဘက်ဆစ်တက်ကတော့ အပြောင်းအရွှေ့မှာ အင်မိုဘိုင်း၊ ပေါလစ်စတာ၊ ရာဖာဆေးဗားတို့လို ကစားသမားတွေ ခေါ်ယူနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းထက်မြက်နေတာကြောင့် အခုပွဲစဉ်မှာ လူဂါနိုကို ဖိအားပေးနိုင်မှာဖြစ်လို့ ဘက်ဆစ်တက်ကိုပဲရွေးရမှာပါ။

**ခန့်မှန်းရလဒ် - လူဂါနို ၀ - ၁ ဘက်ဆစ်တက်**

## ယူရိုပါကွန်ဖရင့်လိဂ် Play-off အဆင့် ပ-အကျော့ပွဲကြိုသုံးသပ်ချက်

ML

**ချဲလ်ဆီး Vs ဆာဗက်တီ**

ကစားမည့်ရက်/အချိန် (၂၃-၈-၂၀၂၄ နံနက် ၀၁:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(ရှုံး) |
| ဆာဗက်တီ | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(ရှုံး) |

ချဲလ်ဆီးအသင်းဟာ နည်းပြသစ်လက်ထက်မှာ ကစားသမားကောင်းတွေ ဖြည့်တင်းနိုင်ခဲ့တာကြောင့် ကစားပုံတိုးတက်လာတာကို တွေ့ရမှာပါ။ ဆာဗက်တီအသင်းကတော့ ကစားပုံတည်ငြိမ်မှုမရှိသလို အဝေးကွင်း ခံစစ်ပိုင်းကလဲ ပေးဂိုးများနေတာကြောင့် ချဲလ်ဆီးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်မှာပါ။ ဒါကြောင့် တိုက်စစ်ပိုင်းနဲ့ ကစားသမား အင်အားသာလွန်နေတဲ့ ချဲလ်ဆီးပဲ အနိုင်ရသွားမှာပါ။

**ခန့်မှန်းရလဒ် - ချဲလ်ဆီး ၂ - ၀ ဆာဗက်တီ**

## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူး မက်ဆီ၏ ခြေချင်းဝတ်ဒဏ်ရာမှာ သက်သာလာခြင်းမရှိသည့်အတွက် လာမည့်စက်တင်ဘာလတွင်ကစားရမည့် ချီလီအသင်းနှင့် ကိုလံဘီယာအသင်းတို့နှင့် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။
- ဖူလ်ဟမ်အသင်းသည် မန်ယူအသင်းက ပစ်မှတ်ထားနေသည့် ဘန်လေအသင်းကွင်းလယ်ကစားသမား ဘာ့ဂ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- မန်စီးတီးအသင်းနှင့် အနာဂတ်ရေရာမှုမရှိသည့် ခံစစ်ကစားသမားကန်ဆယ်လိုကိုဆော်ဒီကလပ်အယ်ဟိုင်လာအသင်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ယခုအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ ကစားသမား ၂၁ ဦးထိထွက်ခွာနိုင်ကြောင်း လီဗာပူးအသင်း တာဝန်ရှိသူများ ထုတ်ဖော်ပြောကြားခဲ့သည်။
- မိုနာကိုအသင်းက ပီအက်စ်ဗွီအသင်းမှ ခံစစ်ကစားသမား တီဇီကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။ ML

# တိုက်စစ်မှူး ဂျာအိုဖီးလစ်ကိုခေါ်ယူရန် ချဲလ်ဆီးအသင်း သဘောတူညီမှုရရှိ




**လန်ဒန် ဩဂုတ် ၂၀**

ချဲလ်ဆီးအသင်းသည် အေတီကိုအသင်း တိုက်စစ်မှူး ဂျာအိုဖီးလစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ခြောက်နှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူးအတွက် ပြောင်းရွှေ့ကြေးမည်မျှအသုံးပြုရသည်ကို ထုတ်ပြန်ခြင်းမရှိခဲ့သော်လည်း ခြောက်နှစ်သဘောတူစာချုပ်တွင် သက်တမ်းကုန်ဆုံးပါကနောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိခဲ့သည်။

မကြာသေးမီက ချဲလ်ဆီးအသင်းသည် အေတီကိုလူငယ်တိုက်စစ်မှူး အိုမိုရိုဒီယွန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး အသင်းအနေဖြင့် ကွင်းလယ်ကစားသမား ဂယ်လာဟာကို ပြန်လည်ရောင်းချပေးရမည်ဖြစ်ကြောင်း သဘောတူညီမှုရခဲ့သော်လည်း အေတီကိုအသင်းက အိုမိုရိုဒီယွန်ကို လက်မလွှတ်လိုသဖြင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ဘဲ ဂယ်လာဟာအနေဖြင့်လည်း အေတီကိုအသင်းသို့ပြောင်းရွှေ့ရန်ကြန့်ကြာခဲ့သည်။

ယခုအခါ အေတီကိုအသင်းက ဂျာအိုဖီးလစ်ကို ခေါ်ယူခွင့်ပေးခဲ့သောကြောင့်ဂယ်လာဟာကိုလည်း လွတ်လပ်စွာ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ဂျာအိုဖီးလစ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့စဉ်က ၎င်းအနေဖြင့် ပြိုင်ပွဲစုံပွဲ ၂၀ တွင် သွင်းဂိုးလေးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းအနေဖြင့် အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမား၏ ပြောင်းရွှေ့ကြေး မြင့်မားမှုကြောင့် ခေါ်ယူနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ အပြီးသတ်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

နွေရာသီ အပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းအနေဖြင့် ခြေစွမ်းပြကစားသမားများ အပါအဝင် ကစားသမား ၁၀ ဦးထိ အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီး ကစားသမားခုနစ်ဦးကိုပြန်လည်ရောင်းချနိုင်ခဲ့ပြီးနောက် ဂယ်လာဟာကို ရှစ်ဦးမြောက် ကစားသမားအဖြစ် ရောင်းချရန် သေချာခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# လိဒ်ယူနိုက်တက်တိုက်စစ်မှူး ရက်တာကို ဘရိုက်တန်အသင်း ယူရို ၄၇ သန်းဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၀**

ဘရိုက်တန် အသင်းသည် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် လိဒ်ယူနိုက်တက်အသင်း၌ခြေစွမ်းပြနေသည့် ကွင်းလယ်တိုက်စစ်ကစားသမား ရက်တာကို ပြောင်းရွှေ့ကြေး ယူရို ၄၇ သန်းဖြင့်ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘရိုက်တန် အသင်းသည် အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူးအတွက် ကလပ်အသင်း စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၄၇ သန်း အသုံးပြုခဲ့ရသော်လည်း လာမည့် ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဟော်ဖန်ဟိမ်းအသင်းမှလိဒ်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှု ၁၆ ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် ပြင်သစ်လက်ရွေးစင် ယူ-၂၁အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်နေသူဖြစ်ပြီး ကစားသမား၏ စွမ်းဆောင်ရည်ကိုနည်းပြဟာဇီလာကသဘောကျနေသောကြောင့် တိုက်စစ် ပိုင်းဖြည့်တင်းရန်အတွက် အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမား ရက်တာသည် ပြင်သစ်ကလပ် ရင်းနက်အသင်းလူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်က ဂျာမန်ကလပ် ဟော်ဖန်ဟိမ်းအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပုံစံကောင်း ပြသနိုင်ခဲ့သောကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလက လိဒ်ယူနိုက်တက်အသင်းက ခေါ်ယူခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML




# အာဆင်နယ်အသင်းက အက်စ်ပန်ညိုဂိုးသမား ဂျိုအန်ဂါစီယာကို ခေါ်ယူရန်သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၂၀**

အာဆင်နယ် အသင်းသည် အက်စ်ပန်ညိုအသင်းမှ အသက် ၂၂ နှစ်ရှိ ဂိုးသမား ဂျိုအန်ဂါစီယာကို ဂိုးသမား ရမ်ဒေးလ်နေရာတွင် အစားထိုးရန်ကြိုးပမ်းခဲ့ရာ ကစားသမားနှင့်ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဂိုးသမားရမ်ဒေးလ်သည်အသင်းသို့ ရာယာရောက်ရှိခဲ့ပြီးနောက်ပိုင်း ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ကာ ဒုတိယဦးစားပေးဂိုးသမားအဖြစ်သာ ပါဝင်ခဲ့ရသောကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားပြီး လာမည့် ရက်ပိုင်းအတွင်း ထွက်ခွာမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းက ၎င်းနေရာတွင် အစားထိုးရန် ဂိုးသမားသစ်ရှာဖွေခဲ့ရာ ဂျိုအန်ဂါစီယာကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။




လက်ရှိတွင် ဂိုးသမား ဂျိုအန်ဂါစီယာသည် အက်စ်ပန်ညိုအသင်းတွင် ဦးစားပေး ဂိုးသမားအဖြစ်ပါဝင်နေသူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ၂၁ ပွဲပါဝင်ခဲ့ရာတွင် ဂိုးမပေးရသည့်ပွဲစဉ်ရှစ်ပွဲထိရရှိခဲ့ကာ အသင်းအား လာလီဂါသို့တန်းတက်ခွင့်ရရှိအောင် လက်စွမ်းပြသနိုင်ခဲ့သောကြောင့် နည်းပြအာတီတာက ရမ်ဒေးလ်နေရာတွင် အစားထိုးရန်ဆုံးဖြတ်ခဲ့ပြီးနောက် အက်စ်ပန်ညိုအသင်းနှင့် ဆွေးနွေးမှုပြုလုပ်မည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခင်က ရမ်ဒေးလ်နေရာတွင် အစားထိုးရန် ဘန်လေအသင်း ဂိုးသမား ထရာ့ဖို့ဒ်နှင့် သဘောတူညီမှုရရှိခဲ့သောလည်း ဆွေးနွေးမှု မအောင်မြင်ခဲ့သော်ကြောင့် ယခုအခါ ဂိုးသမား ဂျိုအန်ဂါစီယာကို ခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့ပြီး ဂိုးသမားလိုအပ်ချက်ကို ဖြည့်ဆည်းနေကြောင်း သိရသည်။

Ref : Nowarsenal

Trs : ML

# မြဝတီအမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည့် 2024-2025 AFC Women's Champions League Preliminary ပြိုင်ပွဲ အုပ်စုပွဲစဉ်များထုတ်ပြန်



ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံ ကိုယ်စားပြု မြဝတီအမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် 2024-2025 AFC Women's Champions League Preliminary ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များကို အာရှဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြဝတီအမျိုးသမီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် 2024-2025 AFC Women's Champions League Preliminary ကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

2024-2025 AFC Women's Champions League Preliminary ပြိုင်ပွဲတွင် မြဝတီအမျိုးသမီးအသင်းသည် ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအမျိုးသမီးအသင်း၊ ယူအေအီးကလပ် အဘူဒါဘီကန်းထရီး အမျိုးသမီးအသင်း၊ လာအိုကလပ် Young Elephants အမျိုးသမီးအသင်းတို့နှင့် အုပ်စု(A) တွင် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

2024-2025 AFC Women's Champions League Preliminary တွင် မြဝတီအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၅ ရက်တွင် အယ်နာဆာအမျိုးသမီးအသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် အဘူဒါဘီကန်းထရီး အမျိုးသမီးအသင်းနှင့် လည်းကောင်းဩဂုတ် ၃၁ ရက်တွင် Young Elephants အမျိုးသမီးအသင်းနှင့်လည်းကောင်းအသီးသီး ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဂျာမနီကစားသမားဘဝမှ အနားယူကြောင်း ဂန်ဒိုဂမ် ထုတ်ပြန်ကြေညာ

လန်ဒန် ဩဂုတ် ၂၀

ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့် ပါဝင်ကစားခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှအနားယူရန် တရားဝင် ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

ဂန်ဒိုဂမ်သည် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရိုပြိုင်ပွဲတွင် ဂျာမနီအသင်းအတွက် အသင်းခေါင်းဆောင်အဖြစ်ပါဝင်ကစားခဲ့ပြီး အသင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် စပိန်အသင်းကို ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၈၂ ပွဲ ကစားခဲ့ရာ သွင်းဂိုး ၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် အသက် ၃၃ နှစ်တွင် လက်ရွေးစင်အသင်းမှ အနားယူရန် ဆုံးဖြတ်ခဲ့သည်။

ဂျာမနီအသင်းအနေဖြင့် ယူရိုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်မှထွက်ခွာခဲ့ရပြီးနောက်ပိုင်း သောမတ်မူလာက နိုင်ငံအသင်းမှ အနားယူရန် ကြေညာခဲ့ပြီးနောက် ယူရိုပြိုင်ပွဲအပြီး ဂန်ဒိုဂမ်သည် ဒုတိယမြောက် လက်ရွေးစင်အသင်းမှ အနားယူခဲ့သူဖြစ်ကြောင်း သိရသည်။

ဂန်ဒိုဂမ်က "ကျွန်တော်ဂျာမနီအသင်းမှာ ၂၀၁၁ ခုနှစ်က စပြီး ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ အခုချိန်ထိ အသင်းအတွက် ပြိုင်ပွဲပေါင်း ၈၂ ပွဲထိကစားပေးနိုင်ခဲ့တာကြောင့် ဒီအရေအတွက်ဟာ ကျွန်တော်မမျှော်လင့်ထားပေမဲ့လဲ နိုင်ငံအသင်းအတွက် ကစားပေးနိုင်ခဲ့လို့ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်သည် ဘာစီလိုနာအသင်းတွင် ဆက်လက်ကစားလိုခြင်းမရှိတော့ဘဲ အသင်းမှထွက်ခွာရန်ဆုံးဖြတ်ထားပြီး အသင်းဟောင်း မန်စီးတီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သိရသည်။

Ref : Goal.com
Trs : ML



# ပထမဆုံး PROFESSIONAL BOXING လက်ရည်စစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

WBC နှင့် WBO ပြိုင်ပွဲများတွင် အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်မည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်လက်ဝှေ့ကော်မရှင်နှင့် MBC ကုမ္ပဏီတို့ပူးပေါင်းပြီး ပထမဆုံး PROFESSIONAL BOXING လက်ရည်စစ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသားလေးချီ ၆၃ ဒသမ ၅၀ကီလိုတန်းတွင် ရှိန်းထက်ကိုကိုက ထွန်းထွန်းဝင်းကိုလည်းကောင်း၊ ၅၅ ဒသမ ၃၄ ကီလို တန်း တွင် လင်းထွဋ်ပိုင်က ဇော်မြင့်မိုးကို လည်းကောင်း၊ ၆၁ ဒသမ ၂၃ ကီလိုတန်းတွင် နိုင်လတ်က လွှမ်းမိုးအောင်ကို လည်းကောင်း၊၇၂ ဒသမ ၅၇ ကီလိုတန်းတွင် ထက်ဝေလင်းက စောဝီလျံထက်ကိုလည်းကောင်း၊ ၅၀ ဒသမ ၈၀ ကီလိုတန်းတွင် နော်ဖုန်းက ဖြိုးကိုကိုအားလည်းကောင်း ၊ ၅၇ဒသမ၁၅ ကီလိုတန်းတွင် စောလင်းအောင်က နေထက်အောင်ကို လည်းကောင်း၊ စောခိုက်ရဲလင်းက ရန်ထက်အောင်ကိုလည်းကောင်း၊ ၆၃ ဒသမ၅၀ ကီလိုတန်းတွင် ဝင်းလှိုင်ထွန်းက ကျော်မျိုးထွေးကို လည်းကောင်း၊ ၇၉ ဒသမ ၃၈ကီလိုတန်းတွင် ဇော်ဆိုင်းနော်က နေအောင်လင်းကို လည်းကောင်း၊ အမျိုးသမီးလေးချီ၌ ၆၁ ဒသမ ၂၃ ကီလိုတန်းတွင် နော်ဥမ္မာစိုးက အိအိထွေးကို လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ထိုးသတ်ကြပြီး အနိုင်ရရှိသူများကိုMyanmar Boxing Commission မှ တာဝန်ရှိသူများက World Boxing Council ဆုတံဆိပ်များချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ(၁) ဦးကျော်ကျော်စိုး၊ ဥက္ကဋ္ဌ(၂) ဦးကိုကိုအောင်နှင့်အမှုဆောင်များ၊ Myanmar Boxing Commission မှ တာဝန်ရှိသူများ၊ လက်ဝှေ့ဝါသနာရှင်များကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ STA

# U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် မြန်မာယူ-၁၂ အသင်း တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ထွက်ပေါ်

ရန်ကုန် ဩဂုတ် ၂၀

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၂အသင်းသည် တစ်ပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ကြောင်း သိရသည်။

U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် မြန်မာယူ-၁၂အသင်းသည် ဂျပန်အသင်းများဖြစ်သည့် Tozuka Football Club Juniorအသင်း၊ Kashima Antlers Norte အသင်း၊ FC Basara Hyogo အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အုပ်စုပွဲစဉ်များအဖြစ် ယနေ့မြန်မာစံတော်ချိန် နံနက် ၇နာရီ မိနစ် ၂၀ တွင် Tozuka Football Club Junior အသင်းနှင့် ကစားခဲ့ရာ မြန်မာယူ-၁၂အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး Kashima Antlers Norte အသင်းနှင့် ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာယူ-၁၂ အသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ်၂၁ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀တွင် FC Basara Hyogo အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။



U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနှင့် ဒုတိယနေရာမှ နှစ်သင်းမှာ နောက်ဆုံးအဆင့်ကို တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာယူ-၁၂ အသင်းက တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ရရှိထားသည့်အတွက် နောက်ဆုံးအဆင့် တက်ရောက်နိုင်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

STA

# မန်ယူအသင်းက အူဂါတီကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေ

မန်ချက်စတာ ဩဂုတ် ၂၀

မန်ယူအသင်းက အပြောင်းအရွှေ့ကာလမပြီးဆုံးမီ ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အူဂါတီကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းအတွက် ဘိုလော့ဂ်နာအသင်းမှ ဇက်ခ်ဇီး၊ ခံစစ်ပိုင်းအတွက် ယိုရီ မာဇရာဝီနှင့် ဒီလိုက်တို့ကို ခေါ်ယူထားခဲ့ပြီးနောက် လက်ရှိတွင် အသင်းကွင်းလယ်ပိုင်းအတွက် အူဂါတီကို ခေါ်ယူလိုခြင်းဖြစ်သည်။

မန်ယူအသင်းသည် အူဂါတီကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသော်လည်း နှစ်သင်းကြား ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ကြန့်ကြာနေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အူဂါတီ ကိုယ်တိုင်ကလည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၆၀ သတ်မှတ်ထားရာ ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည်။

မန်ယူအသင်းက အစောပိုင်းက အပြီးသတ်ဝယ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း လက်ရှိတွင် အပြီးသတ်ဝယ်ယူရန်မဟုတ်ဘဲ တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးမှ အပြီးသတ် ဝယ်ယူရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# မင်းသားကြီးအောင်မောင်းရဲ့ ထူးခြားတဲ့သဘင့်ဂုဏ်ရည်



ငယ်ငယ်တုန်းက မိဘတွေက ကိုယ့်သားသမီးတွေကို အားပေးတဲ့အခါ အောင်မောင်း ဟော့ကောင် တောင့်ထား တောင့်ထားလို့ အားပေးတတ်ကြပါတယ်။ အခက်အခဲတွေကြုံရင်လား၊ ကိုယ့်ရင်သွေးကို အားပေးကြတာဟာ အောင်မောင်းကြီးကို အကြောင်းပြုလို့ပါပဲ။ ကြည့်ရတာ ကိုယ့်ရင်သွေး၊ ကိုယ့်သားသမီးတွေကို ဘာအခက်အခဲပဲရှိရှိ၊ တွေ့တွေ့ မင်းသားအောင်မောင်းလို ခွန်အားတွေ၊ စွမ်းအားတွေရှိစေချင်ကြလို့နဲ့တူပါတယ်။

အောင်မောင်းတောင့်ထားကွ ဆိုတဲ့ လူသားရဲ့ အားမာန်တင်းသံကြီးနဲ့ ဆန်းဆန်းပြားပြားကြားရမှာကတော့ သဘင်လောကမှာကျော်ကြားခဲ့တဲ့ မင်းသားမင်္ဂလာအောင်မောင်းကြီးရဲ့ဇာတ်ကို သွားကြည့်တဲ့အခါ ထူးခြားတဲ့သတိပြုစရာတွေ တွေ့ရပါလိမ့်မယ်။

ဦးအောင်မောင်းရဲ့ဇာတ်မှာ နှစ်ပါးသွားထွက်လာရင် မင်းသားကော မင်းသမီးတွေကပါ နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျောင်းပျောင်းနဲ့ ထွက်လာတာတွေ့ရတတ်တယ်။ ဇာတ်တစ်ဇာတ်မှာ နှစ်ပါးသွားကလဲ အရေးကြီးတော့ ဇာတ်အလိုက် ကိုယ်သန်တဲ့ရှေးသီချင်းကြီးနဲ့ ခြောက်ပေါက်သံပေးထွက်ကြတာလဲရှိတယ်။ ဦးအောင်မောင်းရဲ့ဇာတ်မှာ နှစ်ပါးသွားထွက်တော့မယ်ဆိုရင် ဦးအောင်မောင်းက ပရိသတ်ကို နှုိးပါတယ်။ အဲဒီအချိန် ဇာတ်ဆိုင်းကလဲ တီးလိုက်တာ ဆူညံလို့။ ဝိုင်းထဲရှိသမျှ တူရိယာတွေတီးခေါက်ရတဲ့ အပြင် ဇာတ်ခုံပေါ်ကနေ ဖြောက်အိုးတွေ ဘေးဝဲယာကနေဖောက်တော့ ဆူညံနေတော့တာပေ့ါ။

အဲဒီအချိန်မှာ ပိတ်ကားကြားကိုရောက်လာပြီဖြစ်တဲ့ ဦးအောင်မောင်းကလဲ သူ့ကိုသူနှိုးတဲ့သဘောနဲ့ မင်းသားဝတ်ကြီးနဲ့ပဲ လက်ခမောင်းခတ်တယ်။ နောက်တော့ ကျောတွေ၊ ရင်တွေ၊ ဒူးတွေကိုပုတ်တယ်။ နောက်တော့ "ငါလာပြီကွ"ဆိုတဲ့သဘောနဲ့ အားမာန်ပြည့်ထွက်လာတာပါ။ ဦးအောင်မောင်းဟာ မင်းသားပေမဲ့ ကိုလိုနီခေတ်ကမင်းသားဆိုတော့ ပျော့ညံ့မနေပါဘူး။ ဘာနဲ့ပဲရင်ဆိုင်ရပလေ့စေ တောင့်ထားအောင်မောင်းဆိုတဲ့ မင်းသားမျိုးပါ။

အကနဲ့ပတ်သက်လာရင် ဦးအောင်မောင်းဟာ ပေမီဒေါက်မီရှိတယ်။ သူရဲ့အကတွေထဲမှာ သူ့ကို အကြီးအကျယ်ပေါ်လွင်စေတာကတော့ ခြေထိုးအကပါ။ အခြားမင်းသားတွေလဲ ခြေထိုးကကြတာပါပဲ။ အောင်ငြိမ်းတို့၊ မေတ္တာစိန်တို့၊ အောင်ကျော်ညွှန့်၊ ငြိမ်းချမ်းရေးညွှန့်တင်တို့လဲ ခြေထိုးကကြပေမဲ့ အောင်မောင်းကို မမီဘူး။ သူတို့ခြေထိုးပုံက မူလအကကိုရပ်ပြီးမှ အချကို သေတ္တာပေါ်ကတက်ပြီး ထိုးချလိုက်တဲ့အကပါ။

ဦးအောင်မောင်းရဲ့ခြေထိုးအကကျတော့ နှစ်ပါးခွင်မှာ မင်းသမီး လေးလက်ကို ဇာတ်ခုံထောင့်လေးထောင့်မှာ တစ်လက်စီ ရပ်နေကြရတယ်။ အောင်မောင်းက အလယ်မှာ ကနေတယ်။ ကရင်းက မေတ္တာတော်တရားကို ပွားများပါလို့ဆို၊ တောင့်ထားဗျို၊ မင်္ဂလာ ဦးအောင်မောင်းက ဆို၊ ဟုတ်ပေ့ဗျိုလို့ သီချင်းဆိုပြီး အဆစ်အပြူးကြီးနဲ့ ဆိုင်းက ဘီနှောင်ဗတ်လို့ အချလိုက်မှာ အောင်မောင်းက ထောင့်တစ်ထောင့်ကနေပြီး ခြေထိုးချလိုက်တာ ဇာတ်ခုံတစ်ခုလုံးဖောက်သွားပြီး ဝေါခနဲ အခြားထောင့်ကမင်းသမီးလေးဆီ ရောက်သွားတော့တာပါ။

ခြေထိုးရင်း သူ့ဆီရောက်လာတဲ့ အောင်မောင်းက လက်နှစ်ဖက်နဲ့ဆီးကြိုဟန်ပြုပြီးမှ နောက်တစ်ခါပြန်တွန်းလိုက်တဲ့အခါ အောင်မောင်းဟာ ခြေထိုးရင်းက အခြားမင်းသမီးလေးဆီရောက်သွားခဲ့ပြန်ပါရော့လား။ ခြေထိုးသွားတာနော်။ အဲဒီအကကို အခြားမင်းသားတွေတုလို့မရဘူး။ တချို့ကလဲ အောင်မောင်းရဲ့ခြေနင်းမှာ ဘီးပါတဲ့ပုံစံမျိုး ပြောနေကြတယ်။ ဘာဘီးမှ မပါပါဘူး။

ဦးအောင်မောင်းက အဆိုကျတော့လဲ သူက ဘယ်သံသမား၊ သူ့အဆိုက တစ်ဘာသာ၊ သူဆိုသလိုမျိုး အခြားသူလိုက်မဆိုနိုင်ကြဘူး။ ဦးအောင်မောင်းဆိုတာက ပါးစပ်ကပြဲပြဲ၊ လည်ပင်းကလဲကြီးကြီးမို့ သူ့ဘယ်သံက ဒါလောက်ရတာကလား၊ ရသလောက်လဲ ကောင်းတယ်။ ဦးအောင်မောင်းက ခွန်းထောက်ဆိုရင် သံမှန်နဲ့ဆိုတယ်။

"ရွက်နုငယ်ရေကြည်ကပေါပါတဲ့ တောဟေဝန်ငယ်၊ တောဟေဝန်တစ်လျှောက်မှာလ၊ ဝါးတဲညို့ ထွာတိုလောက်ကယ်နဲ့၊ ဟယ် နွားငေါက်ပါတဲ့ ဖိုးတောင်သူရယ်"

စိန်အောင်မင်းကျတော့ အသံကသာတယ်၊ ကြည်တယ်၊ မြည်တယ်။ ဒါပေမဲ့ ဇောက်မနက်ဘူး။ နှုတ်ဖျား၊ လျှာဖျား၊ ပါးစပ်ဖျားကလာတဲ့အသံ။ ဒါကြောင့် စိန်အောင်မင်းအသံမှာ လိုဏ်သံမပါဘူး။ စိန်အောင်မင်းအသံက ဦးအောင်မောင်းနဲ့လဲမတူဘူး။ ရွှေမန်းတင်မောင်နဲ့လဲ မတူဘူး။ သူ့ဟာက မပင်ပန်းဘူး။ စိန်အောင်မင်းနဲ့ ရွှေမန်းတင်မောင်တို့ ဆိုရတာက ပင်ပန်းလှတယ်။

ဇာတ်သဘင်လောကမှာ ရွှေမန်းတင်မောင်ရဲ့ အသံကို စူးရှထက်မြက်တဲ့အသံလို့ သတ်မှတ်ကြသလို ဦးအောင်မောင်းရဲ့အသံကိုကျတော့ လှိုက်လှဲနင်ဆို့၊ နှစ်မြို့ဖွယ်အသံလို့ ဆိုကြပါတယ်။ ပန်းပဲမောင်တင့်တယ်ဇာတ်မှာ မန်လည်တောင်ခြေမှာ မီးသွေးဖုတ်နေတဲ့ ကိုတင့်တယ်ဟာ ညနေစောင်းတော့ အိမ်ပြန်ခါနီးမှာ မြတ်လှတို့၊ ဒွေးဖြူတို့ ညီအစ်မဒီအချိန်ကျရင် သူတို့မောင်ကြီးလာတော့မယ်ဆိုတာ မျှော်တော့မည်အကြောင်း ဘယ်သံကြီးနဲ့ ဒုံးနဲ့ပြေးရင်းက "ရွာဘဲ မမည်းလိုက်ပါနဲ့ ရွှေမိုးညိုရယ်"

ဦးအောင်မောင်းက ဆိုညည်းလေးညည်းလိုက်တော့ သူ့အသံကြားရတဲ့လူတွေကို စိတ်ထိခိုက်ကုန်ကြတဲ့ထိပါပဲတဲ့။

မင်းသားတွေထဲမှာ ဦးအောင်မောင်းကောင်းတာက တန်ဆာချွတ်မှာကောင်းတာလို့ ပြောကြတယ်။ တန်ဆာချွတ်ဆိုတာ မင်းသားပုဆိုးနဲ့ ဇာတ်လိုက်လုပ်ရတာမဟုတ်ဘူး။ ထွက်ကတည်းက ခါးတောင်းကျိုက်ပြီး လက်နက်တစ်ခုခုနဲ့ မိုးအလင်း သရုပ်ဆောင်သွားတာမျိုးပါ။ အလှအပပုဆိုးခါးပုံကို ဖြုတ်ရတယ်လို့မရှိဘူး။ အဲဒါကိုပြောတာပါ။

ဦးအောင်မောင်းကတဲ့ ပန်းပဲမောင်တင့်တယ် ဇာတ်ဟာ ထွက်ကတည်းက ပုဆိုးခါးတောင်းကျိုက်နဲ့ လက်ကလဲ တူကြီးကိုင်ပြီးမှ မီးသွေးဖုတ်ထွက်ရတာ။ နှမဒွေးဖြူကို ပခုံးနဲ့ထမ်းပြေးရတာ။ ဘယ်မှာ ပုဆိုးလေးနဲ့ လှလှပပနေရတယ်လို့ရှိလို့တုံး။

"မဟာပဒုမမှာ ဟယ် ဘဂဝါဆုပန်ခဲ့တာ သေမှ ပင်မကြောက်ပါဘူး။ ရေဆာလျှင်သောက်ရန်၊ စိန်စီ ခါးမြောင်လွယ်နဲ့ တစ်ကြိမ်မရှောင် တစ်ကယ်အသက် ခန္ဓာပင် ဆွဲစေတော့၊ ဟော့ မိဖုရားရဲ့၊ ညာရုံးတော်ဆီ"

မဟာပဒုမဇာတ်ကို ဦးအောင်မောင်းကတော့ ညီအစ်ကို ခုနစ်ယောက်ဟာ အစာရေစာပြတ်တော့ ဇနီးတွေကို တစ်ယောက်စီသတ်စားကြ။ မဟာပဒုမ တို့လင်မယားအလှည့်ရောက်တော့ သူတို့သိမ်းထားတဲ့အသားတုံးတွေထုတ်ပေးပြီး ထွက်ပြေးကြတယ်။ လမ်းမှာ မိဖုရားက ရေဆာတယ်ဆိုတော့ မဟာပဒုမက လက်မောင်းသွေးဖောက်တိုက်ခဲ့တယ်။ နောင်အခါမှာတော့ မိဖုရားက ပေါင်တိုနဲ့ဖောက်ပြန်တဲ့ဇာတ်ပါ။

**❖မင်းသားတွေထဲမှာ ဦးအောင်မောင်း ကောင်းတာက တန်ဆာချွတ်မှာကောင်းတာလို့ ပြောကြတယ်။ တန်ဆာချွတ်ဆိုတာ မင်းသားပုဆိုးနဲ့ ဇာတ်လိုက်လုပ်ရတာမဟုတ်ဘူး။ ထွက်ကတည်းက ခါးတောင်းကျိုက်ပြီး လက်နက်တစ်ခုခုနဲ့ မိုးအလင်း သရုပ်ဆောင်သွားတာမျိုးပါ။ အလှအပပုဆိုးခါးပုံကို ဖြုတ်ရတယ်လို့မရှိဘူး။ အဲဒါကိုပြောတာပါ။ ဦးအောင်မောင်းကတဲ့ ပန်းပဲမောင်တင့်တယ်ဇာတ်ဟာ ထွက်ကတည်းက ပုဆိုးခါးတောင်းကျိုက်နဲ့ လက်ကလဲ တူကြီးကိုင်ပြီးမှ မီးသွေးဖုတ်ထွက်ရတာ။ နှမဒွေးဖြူကို ပခုံးနဲ့ထမ်းပြေးရတာ။ ဘယ်မှာပုဆိုးလေးနဲ့ လှလှပပနေရတယ်လို့ရှိလို့တုံး။❖**

အဲဒီအခါ ဦးအောင်မောင်းက အဲဒီသီချင်းကို ဆိုခဲ့တာပါ။ ဦးအောင်မောင်းဆိုတဲ့မင်းသားဟာ တင်းရမာရတာမျိုး၊ စွန့်စားရတာတွေမျိုးမှာ တန်ဆာချွတ်တာကောင်းတဲ့မင်းသားပါ။

ဇာတ်သမားလောကမှာ ဦးအောင်မောင်း နာမည်ကြီးတာ တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ အတူတူကကြရင်း သိပ်အမျက်တိုက်တတ်တဲ့ မင်းသားလို့ ပြောပါတယ်။ သူ့ကိုပင် လယ်အုံးလို့လဲခေါ်ကြတယ်။ ဆေးတံသားအမျက်တုံးလို့လဲ ခေါ်ကြတယ်။ ဘာလို့လဲဆိုတော့ ဦးအောင်မောင်းက လုပ်ငန်းခွင်မှာ စည်းကမ်းကြီးတယ်။ စည်းကမ်းမရှိသေးရင်စိတ်ထဲမှာမထားဘူး။ ဖြောင်ဖွင့်ပြောတတ်လို့ အမျက်တိုက်တဲ့မင်းသားလို့ ပြောကြတာပါ။

ဦးအောင်မောင်းရဲ့ပါးစပ်က 'အဟမ်း'လို့ဆိုလိုက်ရင် ဆိုင်းကလဲ ဗျို ဆိုမှကြိုက်တာတဲ့။ ဗျို သံနောက်ကျရင် မဗျိုဘူးဆိုရင်တော့ မင်းတို့ ကိုယ့်တာဝန်ကိုသိရဲ့လားဟု အကြွေးမထား၊ ချက်ချင်းကိုမေးတဲ့လူတဲ့။ ဦးအောင်မောင်းရဲ့ဇာတ်က စည်းကမ်းကြီးတော့ သူ့ဇာတ်ကထွက်တဲ့လူဆိုရင် အခြားဇာတ်တွေကတအားခေါ်ချင်ကြတာဆိုပဲ။

ဦးအောင်မောင်းရဲ့ဇာတိက မင်းဘူးကတဲ့။ သူ့ဇနီးမယားက ဝါးခယ်မမြို့က သရက်တောရွာသူ။ ဝါးခယ်မက အိုင်ယာလန်ထီပေါက်တဲ့ သူဌေးဦးပြန့်ကြီးကဦးအောင်မောင်းရဲ့ဇာတ်ကို ပထမတန်းသဘင်ကြီးဖြစ်အောင် ငွေကြေးပံ့ပိုးကူညီခဲ့တာတဲ့။ အဲဒါကြောင့် ဦးအောင်မောင်းရဲ့ ဇာတ်ကြီးဟာ ၁၉၃၀ ပြည့်နှစ်လောက်ကစပြီး စစ်ကြီးဖြစ်ခါနီးထိ ထိပ်တန်းဇာတ်သဘင်ကြီး ခမ်းနားကြီးကျယ်မှုမှာ ဦးဖိုးစိန်ဇာတ်နဲ့ယှဉ်ပြိုင်နိုင်တဲ့ထိ ဇာတ်ကြီးအဖြစ် ကပြနိုင်ခဲ့တာတဲ့။

ဇာတ်သဘင်မှာကော အနုပညာမှာပါ တီထွင်ဆန်းသစ်ဖို့လိုပါတယ်၊ အဲဒါမှလဲ ရေရှည်တာရှည်မှာ ကျန်ရစ်ခဲ့မှာပါ။ မင်းသားအောင်မောင်းဟော့ဆိုတာနဲ့ ခြေထိုးအကကောင်းတာကို တန်းသိကြပါတယ်။ သူ့နာမည်ကျော်လို့ အခြားမင်းသားတွေ လိုက်ပြီး ခြေထိုးကခဲ့ကြပေမဲ့ အောင်မောင်းခြေထိုးကသလိုမျိုး ဘယ်မင်းသားက ကနိုင်ခဲ့လို့လဲ။ မင်းသားအောင်မောင်းရဲ့ သဘင့်ဂုဏ်ရည်ထဲမှာ တစ်ချိန်တစ်ခါက ခေတ်စားခဲ့တဲ့ အောင်မောင်းခြေထိုးအကဟာလဲ နာမည်ကြီး ထင်ရှားခဲ့ကြောင်းပါခင်ဗျား။

**မောင်သင်းထုံ(ကျောက်မဲ)**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# MH Film Production က ရိုက်ကူးထုတ်လုပ်မည့် အချိန်ပို ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၀

MH Film Production က ရိုက်ကူးထုတ်လုပ်မည့် အချိန်ပို ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ဩဂုတ် ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်အောင်မြေတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင်ပါဝင်မည့် ထုတ်လုပ်သူ သရုပ်ဆောင် မာန်ဟိန်းက ပြောပြ၍ သိရသည်။

အချိန်ပို ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို မာန်ဟိန်းက ရေးသားထားကာ MSY က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပြည့်ဖြိုးဟန် (PD)က တာဝန်ယူ ပုံဖော် ရိုက်ကူးမည်ဖြစ်သည်။

"ကျွန်တော် မယ်ချို ရိုက်ကတည်းက မင်းဘုန်းမြတ်ကိုလဲ တိုင်ပင်တယ်။ ကိုယ်တိုင်က ဒီဇာတ်ကားအတွက် စိတ်အရမ်းပြင်းပြနေလို့ ရိုက်ဖြစ်တာပါ။ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက ဇာတ်က ခုမှအကောင်အထည်ဖော်ဖြစ်တာပါ။ လှုချင်တဲ့ စိတ်တစ်ခုကြောင့် ထုတ်လုပ်ရေးတစ်ခု လုပ်ဖြစ်တာပါ။ ဘောလုံးနဲ့ ပတ်သက်တဲ့ ဇာတ်အိမ်တစ်ခုကို တည်ဖြစ်လိုက်တာပါ။ ဒီဇာတ်ကားကရတဲ့ အကျိုးအမြတ်တွေကို လှူဒါန်းသွားချင်လို့ ဒီထုတ်လုပ်ရေးကို ထူထောင်ဖြစ်တာပါ"ဟု MH Film Production မှ ထုတ်လုပ်သူ သရုပ်ဆောင် မာန်ဟိန်းက ပြောပြသည်။

အချိန်ပို ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေထက်လင်း၊ သူထူးစံ၊ မာန်ဟိန်း၊ မင်းဘုန်းမြတ်၊ ချောကလျာ၊ နေခြည်ရွှန်းလက်၊ မှူးသခင် စသည့်အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ **ASH**

# Freakier Friday ဇာတ်ကား ရိုက်ကူးမှု ဩဂုတ်လအတွင်း ပြီးဆုံးမည်

နယူးယောက် ဩဂုတ် ၂၀

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Freakier Friday ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းမှာ ဩဂုတ်လအတွင်း တရားဝင်ပြီးဆုံးမည်ဖြစ်ကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

Freakier Friday ဇာတ်ကားသည် Freaky Friday (2003) ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ဖြစ်သည်။

Freakier Friday ဇာတ်ကား၏ အခြေအနေကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသည့် ကမ္ဘာကျော်အော်စကာဆုရှင် မင်းသမီး ဂျေမီလီကားတစ်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

Freakier Friday ဇာတ်ကားတွင် ဂျေမီလီကားတစ်နှင့်အတူ မင်းသမီး လင်ဆေးလိုဟန်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

မင်းသမီး ဂျေမီလီကားတစ်နှင့် လင်ဆေးလိုဟန်တို့သည် Freaky Friday (2003) ဇာတ်ကားတွင်လည်း အတူသရုပ်ဆောင်ခဲ့ကြသူများဖြစ်သည်။

Freakier Friday ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ နီရှာဝါနာထရာက တာဝန်ယူရိုက်ကူးနေပြီး ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသနိုင်ရန် စီစဥ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီး၊ ဇော်ပိုင်တို့က Iron Cross Band နှင့်အတူ အလုံမြို့နယ် Modern Radio တွင် တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




ရန်ကုန် ဩဂုတ် ၂၀

တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီး၊ ဇော်ပိုင်တို့က Iron Cross Band နှင့်အတူ ရန်ကုန်တိုင်း ဒေသကြီး အလုံမြို့နယ်ရှိ Modern Radio တွင် တေးဂီတဖျော်ဖြေပွဲ ကို ဩဂုတ် ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်က ပြောပြ၍ သိရသည်။

Iron Cross Band နှင့်အတူ တေးဂီတပရိသတ်များ လက်ခံအားပေးမှုများ ရရှိထားသည့် တေးသံရှင် ဝိုင်ဝိုင်း၊ မျိုးကြီး၊ ဇော်ပိုင်တို့၏ အောင်မြင်ထင်ရှား လူကြိုက်များခဲ့သည့် သီချင်းများကိုအဆိုပါတေးဂီတဖျော်ဖြေပွဲတွင် နားဆင်ရမည်ဖြစ်ပြီး ထင်ရှားသည့် Iron Cross Band ၏တီးခတ်မှုများ၊ လိဒ်ဂီတာ အကျော်အမော် ချစ်စမ်းမောင်၏ လက်စွမ်းပြ ဂီတသံများကိုလည်း နားဆင်ကြရမည်ဖြစ်ကြောင်း သိရသည်။

"အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှုပုံစံတွေကိုပဲ ပြသချင်တဲ့ Modern Radio ရဲ့ ထူးထူးခြားခြား အစီအစဥ်သစ်လေး တစ်ခုပါ။ ကျွန်တော်တို့ သုံးယောက်ရဲ့ ပရိသတ် အလွတ်ရပြီးသား တေးသီချင်းတွေကို Acoustic ပုံစံနဲ့ ပြန်လည်ဆန်းသစ် သီဆိုမှာဖြစ်တဲ့ အတွက် သေချာပေါက်လာရောက် နားဆင်သင့်တဲ့ ပွဲဖြစ်ပါတယ်"ဟု တေးသံရှင်ဇော်ပိုင်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၄ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# ဒစ္စနီး၏ Alien: Romulus ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၁၀၈ သန်းကျော်ရရှိ

နယူးယောက် ဩဂုတ် ၂၀

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Alien: Romulus ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဆုံးသည့် ဩဂုတ် ၁၈ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော် ရရှိထားကြောင်း ဩဂုတ် ၁၉ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Alien: Romulus ဇာတ်ကားကို ဩဂုတ် ၁၆ ရက်တွင် စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိပ္ပံထိတ်လန့်သည်းဖိုဇာတ်ကားအမျိုးအစားဖြစ်သော Alien: Romulus ဇာတ်ကားသည် ဩဂုတ် ၁၈ ရက်အရောက်တွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၇ သန်းထိ ရရှိခဲ့သည်။

သို့ဖြစ်ရာ Alien: Romulus ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၂ သန်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Alien: Romulus ဇာတ်ကားကို ဒါရိုက်တာဖီဒီအဲဗရက်က ရိုက်ကူးပေးခဲ့ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၈၀ ထိ အသုံးပြုထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်မောက် ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိနိုင်စေရန်ရည်ရွယ်၍ စိုင်ကောင်းကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းစီမံခန့်ခွဲမှုကော်မတီဝင်များထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းစီမံခန့်ခွဲမှုကော်မတီဝင်များကစိုင်ကောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၁ ဦးကို ငွေကျပ် သန်း ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို ပဥ္စမအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။ **သူသူ**

# Plan underway to offer gold foils to the whole structure of Shwedagon Pagoda in coming September


The Shwedagon Pagoda in Yangon attracting visitors.

**Yangon August 20**

The whole structure of Shwedagon Pagoda will be gilded in September, according to the press release of the pagoda board of trustees.

As a gold foil offering plan has been submitted to the relevant ministry, the project will be implemented in September 2024 In addition, the gilded objects on the platform of the pagoda will be renovated with new gold foils.

In this regard, well-wishers may donate cash for offering gold foils and gold plates at a price of K2.5 million per 10 square inches gold plate and K15 million per one square foot gold plate.

Well-wishers may contact the pagoda board of trustees dialing 01-8375767, 01-8383512 and 01-8383502.

As a tourist destination, a total of 435,528 local travellers visited the pagoda in July in addition to 5,389 foreign travellers. From January to July 2024, more than 3.7 million people visited the pagoda.

Hence, the board of trustees arranged visiting hours for travellers was extended from 4 am to 10 pm on a daily basis.

In implementing the gilding project, Naungdawgyi Pagoda and 24 encircled Cetis were offered gold plates and gold foils from November 2023 to April 2024.

336

# Hezbollah fires 75 rockets against Israeli targets along border

**Beirut August 20**

Hezbollah fired 75 rockets from Lebanon into northern Israel and the Israeli-occupied Golan Heights on Tuesday morning, sparking fires and prompting authorities to instruct tens of thousands of residents to remain indoors.

The Israeli military said the rockets targeted the Upper Galilee and the Golan Heights. "Some of the projectiles were intercepted, while the remainder landed in open areas," the military said, adding that no injuries were reported.

In retaliation, the Israeli Air Force carried out airstrikes, which the military said targeted one of the launchers used in the attack.

Israel's Fire and Rescue Services were dispatched to extinguish fires in several locations in the north. Local authorities urged residents to stay close to shelters, avoid driving, and refrain from gatherings and outdoor activities. These precautions were issued in coordination with the military.

The rocket fire followed Israeli airstrikes on Monday evening that targeted Hezbollah weapons storage facilities in Lebanon's Bekaa Valley, according to a statement from Hezbollah.

Xinhua

# Kyaiklat Township ships 85,000 viss of sturgeon to Yangon market in July

**Kyaiklat August 20**

Businesspersons in fishery sector of Kyaiklat Township of Ayeyawady Region sent 85,000 viss of sturgeon to Yangon market, said Daw Win Maw, owner of fishery product depot in Kyaiklat.

Kyaiklat Township sent 70,000 viss of sturgeon to Yangon market in June, compared to 85,000 viss in July. High demand from traders in Yangon market encourages local fishermen and businesspersons to increase dispatching of fishing stocks.

"At present, price of sturgeon is higher because inflow of stock is low to our brokerage. Moreover, demand from Yangon market is high to purchase sturgeon from our township. The trend of high demand for buying sturgeon has been since the first week of July. So, the volume of fish dispatched in July is higher than that of May and June," said Daw Win Maw.

Businesspersons from Kyaiklat Township purchase fishery products from local fishermen and then sent it to Yangon market.

Kyaw Kyaw Lin


Sturgeon fish seen at a market.

# Israel's Netanyahu supports new bridging proposal for Gaza truce: Blinken

**Jerusalem August 20**

Israel has accepted a new proposal for a ceasefire in Gaza and the release of hostages, U.S. Secretary of State Antony Blinken said Monday after a meeting with Israeli Prime Minister Benjamin Netanyahu.

During a press conference in Tel Aviv, Blinken said that Netanyahu "confirmed that Israel approves" the new U.S.-backed bridging proposal. The proposal was presented to Israel and Hamas by Qatari, Egyptian, and U.S. mediators over the weekend.

Blinken urged Hamas to approve the bridging proposal, emphasizing the urgency of addressing the suffering in Gaza, where more than 40,000 have been killed in Israeli assaults, and the need to release the hostages still held by Hamas.

Blinken visited Israel amid ongoing efforts to secure a ceasefire in exchange for the release of Israeli hostages and Palestinian prisoners, before heading to Egypt and Qatar, key mediators in the negotiations.

Netanyahu released a video statement during Blinken's press conference, referring to his meeting with Blinken as "good and important," but did not explicitly voice support for the bridging proposal.

Xinhua


Israeli Prime Minister Benjamin Netanyahu (R) meets with U.S. Secretary of State Antony Blinken in Jerusalem, on Aug. 19, 2024.

# Plan to conduct national level rubber latex tapping skill course No 1

**Nay Pyi Taw August 20**

The Department of Agriculture decided to conduct the training course 1 for national level rubber latex tapping skill, in cooperation with National Skills Standard Authority.

The level 1 course No 2/2024 will be conducted from 9 to 23 September 2024. The training course will give techniques of rubber latex tapping to trainees in line with the norms of the NSSA. Then, the Skill Development Branch of Labour Department will present internationally recognized certificate to trainees who passed the course.

Trainees will have the chances of free accommodation, uniform and teaching aid as well as free training charge.

However, trainees must pay K6,000 per daily food as cost sharing and have to pay K90,000 for 15 days.

Interested persons may list at skill and inspection assessment department of Perennial Crop Research and Technical Development Farm in Mudon dialing 09-402022002 and 09-778711545.

Prices of Myanmar's rubber were set at US$1,500 per ton of RSS-1, US$1,450 per RSS-2, US$1,400 per RSS-3, US$1,350 per RSS-4, US$1,300 per RSS-5 in January 2024. Likewise, RSS-1 fetched US$1,650 per ton, RSS-2 US$1,600, RSS-3 US$1,550 RSS-4 1,500 and RSS-5 US$1,450.

336

# More than 770 tons of rice sent to Magway Region in July 2024


A variety of rice being sold at a shop.

**Magway August 20**

The Department of Consumer Affairs stated that more than 770 tons of rice was sent to Magway Region in July of 2024-25 financial year.

Local farmers can grow oil crops in all parts of the region, but they can grow paddy in the irrigated areas.

So, paddy is planted in irrigated areas of Taungdwingyi, Myothit, Pwintbyu and Salin townships.

So, local authorities buy rice from other regions and states for public consumption. In this regard, Magway Region buys rice from Ayeyawady, Mandalay, Yangon and Bago regions monthly.

In July, local authorities purchased 9,828 bags of rice from Ayeyawady Region, 3,195 bags from Mandalay Region, 1,688 bags from Yangon Region, and 700 bags from Bago Region, totalling 15,411 bags weighing 770.15 tons.

Prices of paddy in Magway Region were K17,000 per basket of Emahta paddy and K130,000 per bag of Pawsanhmwe, K120,000 per Ayeya Padetha, K80,000 per Manaw Thukha and K75,000 per Yadana Toe in Magway District, K150,000 per Pawsanhmwe, K140,000 per Ayeya Padetha and K82,000 per Manaw Thukha in Minbu District, K150,000 per Pawsanhmwe , K112,000 per Ayeya Padetha and K82,000 per Manaw Thukha in Minbu District.

Moreover, Thayet District traded K150,000 per bag of Pawsanhmwe, K112,000 per Ayeya Padeytha and K85,000 per Manaw Thukha. In Aunglan District managed K150,000 per bag of Pawsanhmwe, K131,000 per Ayeya Padetha, K85,000 per Manaw Thulha and K75,000 per Yadana Toe.

Meanwhile, Chauk District arranged K150,000 per bag of Pawsanhmwe, K135,000 per Ayeya Padetha and K85,000 per Manaw Thukha. In Pakokku District, Pawsanmhwe rice is priced at K130,000 per bag, Ayeya Padetha K120,000, Manaw Thukha K85,000 and Yadana Toe K78,000 whereas Gangaw District set K145,000 per bag of Pawsanhmwe, K130,000 per Ayeya Padetha and K90,000 per Manaw Thukha. 336

# Blood clam fetches good prices in Yangon market

**Labutta August 20**

Local fishermen and businesspersons sent 88,000 viss of blood clam from Labutta Township to Yangon market in July, said Daw Myat Mon, owner of fishery product trading in Labutta.

Local fishery businesspersons in Labutta Township dispatch marine products to Yangon market. In June, they sent 65,000 viss of blood clam to Yangon market, compared to 88,000 viss in June. The clam fetches K13,000 per 10 viss.

Daw Myat Mon explained: “We ship fishery products to Yangon region. Now, blood clam is in high demand. In August, marine products including blood clam are in high demand.”

Local fishermen and businesspersons as well as those in the fishery product production chain are convenient due to earning incomes from sending fishery products including blood clam to Yangn market and other markets.

Kyaw Kyaw Lin


Blood calm.

# Farmers in Myinmu Township finish cultivation of pulses and beans

**Myinmu August 20**

Myinmu Township of Sagaing Region has so far planted 43,312 acres of pulses and beans this monsoon, according to Sagaing District Agriculture Department.

In 2024-25 monsoon, the township earmarked cultivation of 55,487 acres of pulses and beans but local farmers grew 43,312 acres against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: “This monsoon, local farmers have so far planted more than 40,000 acres of pulses and beans against the target of more than 50,000 acres. Agricultural staff helped local farmers expand sown acreage with better agricultural techniques, urging them use quality strains of crops for boosting per-acre yield.”

This year, Myinmu Township planted 8,056 acres of green gram, 109 acres of small red bean, 113 acres of rice bean, 34,991 acres of pigeon pea and 43 acres of lablab bean, totalling 43,312 acres.

But, local authorities earmarked cultivation of 103 black bean, 17,438 acres of green gram, 167 acres of butter bean, 1,495 acres of small red bean, 595 acres of rice bean, 35,220 acres of pigeon pea and 496 acres of lablab bean, totalling 55,487 acres.

206

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 1,000 acres of sunflower planted in Shwebo District

**Shwebo August 20**

Statistics of Shwebo District Agriculture Department mentioned that a total of 1,095 acres of croplands have been placed under sunflower plants as monsoon crop in Shwebo District of Sagiang Region.

In 2024-25 monsoon season, Shwebo District earmarked 1,200 acres of sunflower but local farmers have planted 1,095 acres of sunflower against the target of cultivation.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department said: “Local farmers have so far planted 1,095 acres of sunflower against the target of 1,200 acres this monsoon. They continue cultivation of sunflower. Efforts are being made to expand sown acreage of sunflower to reduce import of palm oil. Oil production of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in cold season more than monsoon.”

Shwebo Township completed cultivation of sunflower plants on 58 acres, KhinU Township 784 acres, Wetlet Township 201 acres and Kyaukmyaung 52 acres, totalling 1,095 acres.

In 2024-25 monsoon, Shwebo Township earmarked 100 acres of sunflower, KhinU Township 795 acres, Wetlet Township 255 acres and Kyaukmyaung 50 acres, totalling 1,200 acres.

Relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity of growing crops.

This year, Shwebo District Agriculture Department arranges distribution of quality strains of crops and urea fertilizers at fair prices to local farmers.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီတလီနိုင်ငံက ကန်ဒေါ်လာ ၇၃၈ သန်းဖြင့် MQ-9 Reaper ဒရုန်းခြောက်စင်းဝယ်ယူရန် အမေရိကန်သဘောတူ




အီတလီနိုင်ငံသည် အမေရိကန်နိုင်ငံ General Atomics ထံမှ အမေရိကန်ဒေါ်လာ ၇၃၈ သန်းတန်ဖိုးရှိ နိုင်ငံခြားစစ်ဘက်ရောင်းချမှုတွင် MQ-9 Reaper (Block 5)ဗားရှင်း ဒရုန်းခြောက်စင်းနှင့် ယာဉ်တင်(ရွှေ့လျား) မြေပြင်ထိန်းချုပ်ရေးစခန်းသုံးခုကိုဝယ်ယူရန် အမေရိကန်နိုင်ငံ၏ သဘောတူခွင့်ပြုချက် ရရှိခဲ့ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသည် အီတလီနိုင်ငံကို ထိုရောင်းချမှုအပြင် ဘက်စုံသုံးပစ်မှတ်ရှာဖွေထောက်လှမ်းရေးစနစ် ၁၂ ခုနှင့် AN/APY-8 Synthetic Aperture ရေဒါကိုးခုကိုလည်း ရောင်းချပေးသွားမည်ဖြစ်သည်။ တစ်ဆက်တစ်စပ်တည်း အမေရိကန်နိုင်ငံ General Atomics သည် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုပံ့ပိုးပေးရေးဝန်ဆောင်မှုများ၊ တပ်ဖွဲ့ဝင်သင်တန်းများနှင့် ဆက်စပ်အပိုပစ္စည်းများကိုလည်း အီတလီနိုင်ငံသို့ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေး လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အဆိုအရ အဆိုပါရောင်းချမှုသည် NATO မဟာမိတ်နိုင်ငံများ၏ လုံခြုံရေးကို မြှင့်တင်ခြင်းဖြင့် အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒပန်းတိုင်များနှင့် အမျိုးသားလုံခြုံရေးရည်မှန်းချက်များကို အထောက်အကူဖြစ်စေလိမ့်မည်ဟု သိရသည်။

ယခုရောင်းချမှုနှင့် ပတ်သက်၍ အပြီးသတ် အကောင်အထည်ဖော်ရမည့် အချိန်ကာလသတ်မှတ်ချက်ကိုမူ ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

MQ-9 Reaper (Block 5) ဗားရှင်းဒရုန်းသည် အမေရိကန်လေတပ်ပိုင် MQ-9 Reaper ဒရုန်း၏ အဆင့်မြှင့်မျိုးကွဲတစ်မျိုးဖြစ်သည်။ ၎င်းတွင် ပိုမိုကောင်းမွန်သော လေကြောင်းနည်းပညာများ၊ လျှပ်စစ်စွမ်းအင်နှင့် ဝန်တင်ဆောင်နိုင်စွမ်းစသည့်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည်။ အသုံးပြုထားသောမြင်းကောင်ရေ 950- Shaft-Turboprop အင်ဂျင်သည် ဒရုန်းအား အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် မိုင် ၃၀၀ (၄၈၂ ကီလိုမီတာ)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရရှိစေသည်။

ထို့ပြင် Block 5 ဒရုန်းဗားရှင်းသည် ၎င်း၏အတွင်းပိုင်း လောင်စာဆီပမာဏ သယ်ဆောင်နိုင်မှု တိုးမြှင့်ထားခြင်းကြောင့် စစ်ဆင်ရေးလုပ်ဆောင်နိုင်မှု အကွာအဝေး မိုင် ၁၁၅၀ (ကီလိုမီတာ ၁၈၅၀) ထိ ရောက်ရှိလာသည်။

ဒရုန်းများ လွှဲပြောင်းလက်ခံပြုလုပ်ပြီးပါက MQ-9s ဒရုန်းများသည် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် အီတလီတပ်မတော်၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ အီတလီနိုင်ငံသည် MQ-9 Reaper (Block 5) ဒရုန်းငါးစင်း လက်ရှိ ဖြန့်ကြက်အသုံးပြုလျက်ရှိပြီး တစ်စင်းစီတွင် တိကျစွာတိုက်ပွဲဝင်နိုင်သောစွမ်းရည်များ အသီးသီးပိုင်ဆိုင်ထားကြောင်း သိရသည်။

**Italy Cleared to Buy Six MQ-9 Reaper Drones for $738M ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက Kursk နျူကလီးယားစက်ရုံကိုတိုက်ခိုက်လျှင် ပြင်းပြင်းထန်ထန်တုံ့ပြန်မည်ဟု ရုရှားသတိပေး

ယူကရိန်းစစ်ဘက်က Kursk နျူကလီးယားဓာတ်အားပေးစက်ရုံကို တိုက်ခိုက်လာမည်ဆိုပါက ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဟု ရုရှားစစ်ဘက်က သတိပေးထားကြောင်း မော်စကိုရှိ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ကို နိုင်ငံပိုင် RT သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်း၏ ရုရှားနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော် ကျူးကျော်တိုက်ခိုက်မှုများတွင် နျူကလီးယားစက်ရုံသည် ရှေ့တန်းစစ်မျက်နှာနှင့် ဝေးကွာခြင်းမရှိပေ။

ဩဂုတ် ၁၇ ရက်က ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ရုရှား-ယူကရိန်းနယ်စပ်မှ ကီလိုမီတာ ၉၀ အကွာတွင်တည်ရှိသော Kursk နျူကလီးယားစက်ရုံအပေါ် ယူကရိန်းတို့ဘက်မှ တိုက်ခိုက်ရန်ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ အစီရင်ခံနေမှုများကို အလေးအနက်ထားအာရုံစိုက်ထားကြောင်းဖော်ပြပါရှိသည်။ Kursk ဒေသတွင် မကြာသေးမီရက်များအတွင်း တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ ရုရှားစစ်ဘက်၏ အဆိုအရ ထိုကဲ့သို့ ရန်စခြင်း၏ ရည်ရွယ်ချက်မှာ အဆိုပါစက်ရုံကို ရုရှားဘက်က တိုက်ခိုက်ခြင်းဖြစ်သည်ဟု စွပ်စွဲရန်ဖြစ်ကြောင်း သိရသည်။

အကယ်၍ ယူကရိန်းအစိုးရဘက်က ဥရောပတိုက်ကြီးတစ်ခုလုံး အန္တရာယ်ကျရောက်စေနိုင်မည့် လူလုပ်ကပ်ဘေးကြီးတစ်ခုကို ရာဇဝတ်မှုမြောက်အောင် ဖန်တီးလာမည်ဆိုလျှင် နယ်မြေအနှံ့အပြား၌ ရေဒီယိုသတ္တိကြွညစ်ညမ်းမှုများ ဖြစ်ပေါ်လာစေနိုင်မည်ဖြစ်၍ စစ်ရေးနှင့်နည်းပညာဆိုင်ရာ တန်ပြန်လုပ်ဆောင်မှုများကို ပြင်းပြင်းထန်ထန် ချက်ချင်းလုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ချက်တွင် အတိအလင်းဖော်ပြထားသည်။ သို့သော်လည်း လက်တုံ့ပြန်ဆောင်ရွက်မည့်အစီအစဉ် အသေးစိတ်ကိုမူထည့်သွင်းပြောကြားသွားခြင်း မရှိပေ။

အနောက်အုပ်စုက ကျောထောက်နောက်ခံပြုပေးထားသည့် ကောင်းမှုနှင့် Kursk နျူကလီးယားဓာတ်အားပေးစက်ရုံကို တိုက်ခိုက်ရန်ပြင်ဆင်နေခြင်းသည် နျူအကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ဆန့်ကျင်နေခြင်းပင်ဖြစ်သည်ဟု ရုရှားနိုင်ငံက မှတ်ချက်ပြုခဲ့သည်။ ယူကရိန်းနိုင်ငံသည် နျူကလီးယား ဓာတ်အားပေးစက်ရုံတွင် အသုံးပြုနေသည့် နျူလောင်စာသိုလှောင်ရုံများကို အက်တမ်ဗုံးတစ်လုံးဖြင့် ပစ်မှတ်ထားတိုက်ခိုက်၍ ရုရှားဘက်က နျူကလီးယား အသုံးပြုတိုက်ခိုက်နေသည့်ပုံစံမျိုးဖြစ်အောင် စွပ်စွဲပြောကြားနိုင်ရန်အတွက် ပြင်ဆင်နေခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များကိုကိုးကား၍ ရုရှားစစ်ဘက်သတင်းထောက် Marat Khairul-lin က ဩဂုတ် ၁၆ ရက်တွင် သတင်းပေးပို့ခဲ့ပြီးနောက် ယခုကဲ့သို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။



Marat Khairullin ၏ အဆိုအရ ရှေ့တန်းစစ်မျက်နှာနှင့် မဝေးလှသော Energodar မြို့ရှိ ရုရှား၏ ဥရောပတိုက်တွင် အကြီးမားဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ Zaporozhye နျူကလီးယား ဓာတ်အားပေးစက်ရုံဖြစ်စေ၊ Kurchatov မြို့ရှိ Kursk နျူကလီးယား ဓာတ်အားပေးစက်ရုံကိုဖြစ်စေ ယူကရိန်းတို့ဘက်က အက်တမ်ဗုံးအသုံးပြု၍ တိုက်ခိုက်လာနိုင်ကြောင်း သိရသည်။

ယူကရိန်းဘက်က အဆိုပါစွပ်စွဲချက်များအပေါ် တုံ့ပြန်ငြင်းဆိုထားသည်။ ရုရှားအာဏာပိုင်များ၏ ပြောကြားချက်အရ Kursk ဒေသနှင့်ကပ်လျက် ဒေသများစွာသို့ ဓာတ်အားထောက်ပံ့မှုအတွက် အရေးပါသော Kursk နျူကလီးယားဓာတ်အားပေးစက်ရုံသည် လက်ရှိတွင် ပုံမှန်အတိုင်း ဆက်လက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**Russia vows harsh response if Ukraine attacks Kursk nuclear plant ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျိုက်လတ်မြို့နယ်တွင်ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျိုက်လတ် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင်ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် တိုင်ထောင်ပဲသီးများ ဩဂုတ်လ ပထမပတ်မှစ၍ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၂၅ ပိဿာမှ ပိဿာ ၃၀ ထိ အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ တိုင်ထောင်ပဲသီး တစ်ရက်ကို ပိဿာချိန် ၃၀ ထိ ရောင်းချနေရပါတယ်။ အခုလို ကျိုက်လတ်မြို့နယ်ထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်''ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှုများလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ဒေသတွင်းရောင်းချရသည့်အတွက် သယ်ယူစရိတ်သက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် များစွာ အကျိုးကျေးဇူးများရှိကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၁၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၁၂၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ၁၃၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲဧက ၁၂၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



ယခုနှစ် မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ထံမှ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ကမ်းနီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကမ်းနီကျေးရွာရှိလုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ မတည်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ်းနီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် သိန်း ၁၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၂၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# စက္ကူစက်ရုံ(ရေနီ)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)သို့ရောက်ရှိရာ တစ်နေ့တန် ၂၀ ထုတ်လုပ်နိုင်သည့် ထုပ်ပိုးစက္ကူစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်နေမှု၊ စစ်ဆေးပြုပြင်ပြီး စက်ကိရိယာများစမ်းသပ်လည်ပတ်မောင်းနှင်နေမှု၊ အလိုအလျောက်ထိန်းချုပ်မောင်းနှင်သည့်စနစ်များ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကုန်ကြမ်းပစ္စည်းများကို စနစ်တကျသန့်စင်ပြီးမှသာသုံးစွဲရန်၊ ကုန်ကြမ်းသန့်စင်မှုမရှိလျှင် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင်လည်း ချို့ယွင်းမှုများဖြစ်ပေါ်လာနိုင်ပြီး ကုန်ချောများ၏ အရည်အသွေးကိုလည်း ထိခိုက်နိုင်မည်ဖြစ်သဖြင့် စနစ်တကျစစ်ဆေးပြီးမှသာအသုံးပြုရန်၊ စက်ပစ္စည်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ စက်ပစ္စည်းများကိုရေရှည်အသုံးပြုနိုင်အောင် စနစ်တကျဆောင်ရွက်ရန်၊စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများကို အမြန်ဆုံးဝယ်ယူဖြည့်တင်းရန်၊ စက်ပစ္စည်းကိရိယာများစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီး၍ စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံစွာဖြည့်တင်းထားရန်၊စစ်ဆေးပြုပြင်ပြီးစီးသည့်စက်ပစ္စည်းကိရိယာများကို သံချေးတက်ခြင်း၊ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆေးများပြန်လည်သုတ်ထားရန်၊ ထုတ်လုပ်မှု နည်းစဉ်တစ်လျှောက် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရန်၊ ကုန်ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ မွမ်းမံသင်တန်းများဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းခွင်မပျက် ဆင့်ပွားသင်တန်းများပြုလုပ်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၀

ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့် ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ်စက်တင်ဘာ ၂၇ ရက်ကို “ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့”အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့တွင် အခမ်းအနားများကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်၍ ၎င်းနေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ထိန်းသူ ဆရာ၊ ဆရာမများတက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်အတွက် Georgia နိုင်ငံက အိမ်ရှင် Host Country အဖြစ် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့်၂၀၁၂ ခုနှစ်ကစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ်အပါအဝင် ၁၃ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်အလိုက်ဆောင်ပုဒ်များကိုသတ်မှတ်ပေးလေ့ရှိပြီး ယခုနှစ်အတွက်ဆောင်ပုဒ်မှာTourism and Peace ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် “ခရီးသွားနှင့်ငြိမ်းချမ်းရေးလက်တွဲ တူယှဉ်ဖော်ဆောင်ပေး”ဟု အဓိပ္ပာယ်ဖွင့်ဆို၍ ဆောင်ပုဒ်ကိုသတ်မှတ်ထားပါကြောင်း။

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများနှင့် ဓာတ်ပုံပြပွဲ၊ ခရီးသွားမြှင့်တင်ရေး Short Video Clip ပြိုင်ပွဲတို့ကို စီစဉ်ကျင်းပမည်ဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပြိုင်ပွဲခေါင်းစဉ်များကိုလည်း လက်ရှိခရီးသွားလုပ်ငန်းကဏ္ဍကို ထင်ဟပ်စေသောခေါင်းစဉ်များရွေးချယ်ထားပြီး ယနေ့ပြိုင်ပွဲသို့ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်(ရန်ကုန်)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့ကျရာခေါင်းစဉ်များကို အားသွန်ခွန်စိုက်ယှဉ်ပြိုင်ကြစေလိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက ငြိမ်းချမ်းရေးအတွက် ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေး သို့မဟုတ် ခရီးသွားခြင်းဖြင့် ငြိမ်းချမ်းရေးကို မြှင့်တင်ခြင်း၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း၊ ငြိမ်းချမ်းရေးပေါင်းကူး သို့မဟုတ် ခရီးသွားခြင်းဖြင့်နားလည်မှုနှင့် ညီညွတ်မှုတမှုများကိုတည်ဆောက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနေသည့် ခရီးသွားလုပ်ငန်း စသည့်ခေါင်းစဉ် ငါးခုကို မဲနှိုက်ရွေးချယ်၍ ကျရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်- ၁)အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်






**နေပြည်တော် ဩဂုတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်-၁) အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘောလုံး အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ဘောလုံး အားကစားအသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ ကျောင်းသား၊ကျောင်းသူများနှင့် သူနာပြု၊ သားဖွားသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အဆင့် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ၌ နေပြည်တော်တွင် ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုကဲ့သို့ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ပေါင်းစုံ(ဇုန်-၁) အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များမှ ကျောင်းသားများ အချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန်၊ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူလူငယ်များအနေဖြင့် ဗလငါးတန်ဖြင့်ပြည့်စုံသည့် လူငယ်များဖြစ်ရန် ပြုစုပျိုးထောင်ရာတွင် ကာယဗလနှင့်ပြည့်စုံရေး၊ကျန်းမာကြံ့ခိုင်ရေး အတွက် အားကစားသည် မရှိမဖြစ် အရေးကြီးပါကြောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအချင်းချင်း စည်းလုံးညီညွတ်မှုရရှိရေးနှင့် ဘောလုံးကစားခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာစေရန် ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပရေး ကော်မတီနာယကပြည်ထောင်စုဝန်ကြီးက ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူငွေကျပ် သိန်း ၆၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၅၀ နှင့်ဘောလုံးအလုံး ၅၀ ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီး ထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကိုလည်းကောင်း ဆုငွေများချီးမြှင့်ပေးခဲ့ပြီး ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ဇုန်(၁)အုပ်စု ပွဲစဉ်(၁)အဖြစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်အသင်းနှင့် ဆေးဝါးတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆေးတက္ကသိုလ်(၁) ရန်ကုန်အသင်းက ဆေးဝါးတက္ကသိုလ်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆေးပညာနှင့် ဆေးနှီးနွှယ်တက္ကသိုလ် အသီးသီး၏ အသင်းလိုက်ပတ်လည် ဘောလုံးပြိုင်ပွဲများကို ဇုန် နှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ဇုန်(၁)ပြိုင်ပွဲများကို ရန်ကုန်မြို့တွင် ဩဂုတ် ၂၀ ရက်မှ ၂၅ ရက်ထိလည်းကောင်း၊ ဇုန်(၂)ပြိုင်ပွဲများကို နေပြည်တော်တွင် ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်ထိလည်းကောင်း၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်၌လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





⚐ **ရှေ့ဖုံးမှအဆက်**

စမ်းသပ်ပြေးဆွဲခဲ့ပြီး ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယနေ့မှစတင်၍ ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းပိုင်းတွင် ယာယီရပ်နားထားသောအမှတ်(၁၈၁) အဆန်လူစီးအမြန်ရထားကို ပုသိမ်မှ ကြံခင်းသို့လည်းကောင်း၊ အမှတ်(၁၈၂)အစုန် လူစီးအမြန်ရထားကို ဟင်္သာတမှ ပုသိမ်သို့လည်းကောင်း ပြေးဆွဲပေးခဲ့သည်။

ထို့အတူ ခရီးစဉ်အစအဆုံးဖြစ်သည့် ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်၊ အဆန် ရထားများကို ဩဂုတ် ၂၁ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်းနှင့် မြန်မာ့မီးရထားအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံ အဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အသီးသီးသွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းမှ ဟေမာန်စိုးက ရရှိသည်။

အဆိုပါပွဲစဉ်တွင် ISPE အသင်းသည် အနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ၃၁မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဒုတိယအကျော့ ချန်ပီယံအဖြစ်ပါ ရပ်တည်နိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ဝင်းစန္ဒာနှင့် ပွဲချိန် မိနစ် ၉၀ တွင် နန်းဖြူဖြူထွေးတို့ကသွင်းယူပေးနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ အေးမြတ်ခိုင် ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့ပြီး ပွဲချိန် ၈၅ မိနစ်တွင် ဖူးပွင့်ခိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မေစပယ်ဖူးက ရရှိခဲ့ကြောင်း သိရသည်။ STA

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လှိုင်ကော်တပ်နယ်ခန်းမ၌ သွားရောက် တွေ့ဆုံကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြား ပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အာလူးများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေး စကားပြောကြားခဲ့ကြကြောင်း သတင်း ရရှိသည်။ (မြဝ)

# တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှတင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၀**

တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှ တင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီး ဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ နိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာ နိုင်ငံ တိရစ္ဆာန်သုံး ဆေးဝါးလုပ်ငန်းသုံး ပစ္စည်းကိရိယာ ထုတ်လုပ်ရောင်းချသူ များအသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်အစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ မျိုးခြံနှင့် ဥဖောက်လုပ်ငန်းရှင်များအစု အဖွဲ့၊ ပြည်ပမှ တင်သွင်းသည့်ကုမ္ပဏီများ မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဟာရပြည့်ဝသော စားရေရိက္ခာဖူလုံ ရေးအတွက် ပြည်တွင်း၌ထုတ်လုပ်နိုင်ခြင်း မရှိသေးသည့် မရှိမဖြစ်လိုအပ်သော မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးနှင့် မျိုးရင်း တိရစ္ဆာန်များကို ပြည်ပမှ တင်သွင်းရလျက် ရှိကြောင်း၊ တိရစ္ဆာန်အစာတွင် လိုအပ် သည့် အသားဓာတ်အတွက် ပဲပုပ်ဖတ်ကို ပြည်ပမှ တင်သွင်းမှုအား သုံးနှစ်အတွင်း အပြီးလျှော့ချသွားရန်နှင့် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲပုပ်ဆီကြိတ်ဖတ် ဖြင့် အစားထိုးသုံးစွဲသွားနိုင်ရေးဆောင် ရွက်လျက်ရှိကြောင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးတက်တင်ပို့ နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် တိရစ္ဆာန်အရှင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်း အေးခဲအသားများ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ နိုင်ရန် Protocol များညှိနှိုင်းခြင်း၊ မလေးရှား နိုင်ငံသို့ သိုး၊ ဆိတ်အရှင်များ တင်ပို့နိုင်ရေး အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီ အမံနှင့် Health Certificate မူကြမ်းတို့ကို ပေးပို့ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍအနေဖြင့် လိုအပ်သည့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ၊ ကုသ ဆေးများ၊ ဖြည့်စွက်အားဆေးများ၊ အစာ ကုန်ကြမ်းများ၊ မျိုးရင်းတိရစ္ဆာန်များနှင့် မွေးမြူရေးသုံးပစ္စည်းများ အချိုးညီစွာ အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရန် လိုအပ်ကြောင်း၊ ကုန်ပစ္စည်းပြတ်လပ်မှု မဖြစ်ပေါ်စေရေး ညှိနှိုင်းဆွေးနွေးအဖြေရှာ နိုင်ရန် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိရစ္ဆာန်သုံးဆေးဝါး လုပ်ငန်းသုံးပစ္စည်းကိရိယာ ထုတ်လုပ် ရောင်းချသူများအသင်း၊ ပြည်ပမှတင်သွင်း သည့် ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဦးစားပေးတင်သွင်းလိုသည့် အမျိုးအစားနှင့် ပမာဏကို ယခုဆွေးနွေးပွဲ တွင် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက မွေးမြူရေးတိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် မျိုးတိရစ္ဆာန်လိုအပ်ချက်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးလိုအပ်ချက် များနှင့် မျိုးတိရစ္ဆာန် မျိုးရင်းလိုအပ်ချက် များ၊ မွေးမြူရေးအစာ တင်သွင်းခွင့်ရရှိနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူး များ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည် အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ် ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ် ၂၆ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ် ကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁၂ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက် များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

| | |
|---|---|
| (၁) မြစ်ကြီးနားတက္ကသိုလ် | (၁၃) မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) ဘားအံတက္ကသိုလ် | (၁၄) မိတ္ထီလာတက္ကသိုလ် |
| (၃) ဟားခါးတက္ကသိုလ် | (၁၅) ကျောက်ဆည်တက္ကသိုလ် |
| (၄) မုံရွာတက္ကသိုလ် | (၁၆) မော်လမြိုင်တက္ကသိုလ် |
| (၅) ရွှေဘိုတက္ကသိုလ် | (၁၇) စစ်တွေတက္ကသိုလ် |
| (၆) စစ်ကိုင်းတက္ကသိုလ် | (၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၇) ထားဝယ်တက္ကသိုလ် | (၁၉) တောင်ကြီးတက္ကသိုလ် |
| (၈) တောင်ငူတက္ကသိုလ် | (၂၀) ကျိုင်းတုံတက္ကသိုလ် |
| (၉) ပြည်တက္ကသိုလ် | (၂၁) ပုသိမ်တက္ကသိုလ် |
| (၁၀) ပဲခူးတက္ကသိုလ် | (၂၂) ဟသ်ာတတက္ကသိုလ် |
| (၁၁) မကွေးတက္ကသိုလ် | (၂၃) မအူပင်တက္ကသိုလ် |
| (၁၂) ပခုက္ကူတက္ကသိုလ် | |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထား ရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက် တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင် ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါး ပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တွေ့ဆုံ



ရန်ကုန် ဩဂုတ် ၂၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ ရခိုင်လူမှုရေးအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ကမ္ဘာ့ပထဝီနိုင်ငံရေး၊ မြန်မာ့ပထဝီနိုင်ငံရေး၊ လက်ရှိ ကမ္ဘာ့ပထဝီနိုင်ငံရေးများက မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများ၊ အဆိုပါသက်ရောက်မှုအပေါ် တိုင်းရင်းသားများက စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်သွားရန်၊ အောက်တိုဘာ ၁ ရက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊ အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဥပဒေနှင့်အညီ မိမိတို့၏အသင်းအဖွဲ့များအား ပြန်လည်မှတ်ပုံတင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများက တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်သည်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့်တိုင်းရင်းသားရေးရာကိစ္စရပ်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းခေတ်မီစံပြကျေးရွာကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု အောင်သုခကျေးရွာသို့ သွားရောက်ပြီး လုပ်ငန်းရှင် ဦးဖြူကိုနှင့် ဒေါ်မီမီကျော်တို့၏ ဇီဝဖိုးငှက်သိုက်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုလေ့လာသည်။

လုပ်ငန်းရှင် ဦးဖြူကိုသည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရင်း ဇီဝဖိုးငှက်သိုက် မွေးမြူရေးလုပ်ငန်းကို တွေ့မြင်ခဲ့ရာမှ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်၌ ဒေါက်တာတင့်ဆွေ ရေးသားသော စီးပွားဖြစ်ဇီဝဖိုးငှက်သိုက်စာအုပ်ကို ဖတ်ရှုလေ့လာခြင်း၊ YouTube နှင့် Facebook တို့မှ လေ့လာခြင်းအပြင် ရန်ကုန်မြို့ရှိ လုပ်ငန်းရှင် တစ်ဦးထံသို့ သွားရောက်ကြည့်ရှုလေ့လာကာ ယခုလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ကြောင်း၊ ငှက်ခေါ်အသံစနစ်၊ အခန်းတွင်း အစိုဓာတ်ထိန်းညှိခြင်းစနစ်တို့ပါဝင်သော ပေ ၅၀ x ပေ ၂၀ နှစ်ထပ်အဆောက်အအုံဆောက်လုပ်ပြီးစဥ်၌ ဇီဝဖိုးငှက် ခုနစ်ကောင် စတင်ရောက်ရှိလာရာမှ ယနေ့အချိန်တွင် အကောင် ၅၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ငှက်သိုက်ကုန်ကြမ်းခူးခြင်းလုပ်ငန်း၊ ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထန်းတပင်ကျေးရွာသို့သွားရောက်၍ လုပ်ငန်းရှင် ဦးဖြူကိုနှင့် ဒေါ်မီမီကျော်တို့၏ PMK သဘာဝဇီဝဖိုးငှက်သိုက်ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်းကို ကြည့်ရှုအားပေးသည်။ အဆိုပါလုပ်ငန်းအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ငှက်သိုက်တာရှည်ခံထုတ်လုပ်မှုနည်းပညာ ပံ့ပိုးကူညီပေးခဲ့သည်။

ထို့နောက် ညောင်ကုန်းခေတ်မီစံပြကျေးရွာ (Smart Village) သို့သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းမှ မွမ်းမံအပ်ချုပ်သင်တန်းအောင်မြင်ပြီးသူများက အပ်ချုပ်ဆိုင်ဖွင့်၍ လုပ်ငန်းထူထောင်လုပ်ကိုင်နေမှုအခြေအနေကို ဝင်ရောက်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်ကုန်းခေတ်မီစံပြကျေးရွာ(Smart Village)၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သောလုပ်ငန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို စိစစ်မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ကုန်း၊ အောင်သုခ၊ မဲကြီး၊ ရွာမကျေးရွာ လေးရွာမှ မိုးစပါးစိုက် သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံနေကြာနှင့် နှမ်းဆက်လက်စိုက်ပျိုးကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပေါင်းစုံ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အချက်အပြုတ်သရုပ်ပြပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပေါင်းစုံ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အချက်အပြုတ်သရုပ်ပြပြိုင်ပွဲနှင့် အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကိုစတင်ကျင်းပရာ သတ်မှတ်ထားသော ခရိုင်ကိုယ်စားပြု အဖွဲ့ ငါးဖွဲ့တို့က သရုပ်ပြချက်ပြုတ်ပြိုင်ပွဲဝင်ကြကာ ချက်ပြုတ်ပြီးသော အာဟာရများကို ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် အာဟာရကျွေးမွေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းပွဲအခမ်းအနားကို ကျင်းပရာ ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိသည့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ကိုယ်စားပြုအသင်းများကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပထမဆုရရှိသော အဖွဲ့(၃) သဃ်န်းကျွန်းခရိုင်နှင့် မှော်ဘီခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အဆိုပါပြိုင်ပွဲကို ခရိုင် ၁၄ ခုမှ ငါးဖွဲ့ခွဲပြီး ယှဉ်ပြိုင်ကြရာ အဖွဲ့(၁) လှည်းကူးခရိုင်၊ မရမ်းကုန်းခရိုင်၊ အလုံခရိုင်အသင်း၊ အဖွဲ့(၂) သန်လျင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ကျောက်တံတားခရိုင်အသင်း၊ အဖွဲ့(၃) သဃ်န်းကျွန်းခရိုင်၊ မှော်ဘီခရိုင်အသင်း၊ အဖွဲ့(၄) ကမာရွတ်ခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ တွံတေးခရိုင်အသင်း၊ အဖွဲ့(၅) အင်းစိန်ခရိုင်၊ မင်္ဂလာဒုံခရိုင်၊ တိုက်ကြီး ခရိုင်အသင်း စသည့်အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး သွားရောက်စစ်ဆေး




နေပြည်တော် ဩဂုတ် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေး တံတားသို့သွားရောက်ကာ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ခရီးသွား ဧည့်သည်များ ဘေးကင်းလုံခြုံအဆင်ပြေ လွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားပေါ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့်သတင်းပြန်ကြားရေးကောင်တာသို့သွားရောက်ကာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ် ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဆောင်ရွက်ထားမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲသို့ သွားရောက်ကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ပြည်သူကိုဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများကို စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြရန်၊ ထို့ပြင်ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ရုံသာမက ဘာသာစကား၊ နည်းပညာ၊ ခေတ်နှင့်လျော်ညီသည့် စွမ်းဆောင်ရည်များ ပြည့်ဝရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ထန်းတပင်မြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ တရားရုံးအချုပ်ခန်းနှင့် မြို့မရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများနှင့်တွေ့ဆုံ၍ ရီမန်ကာလ နေထိုင်စားသောက်မှုအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း စားသောက်ရမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မီးလွှာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ























**နေပြည်တော် ဩဂုတ် ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် နောင်လုံကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Smart Fabric Softener ဆပ်ပြာအမွှေးဆီအထုပ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ်၂၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၈ ရက်တွင် ဒိုက်ဦးမြို့ မြို့အဝင်၌ မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Vege-table Cooking Oil ငါးလီတာပါဘူး ၁၈၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၅၀၀၀၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ နှင့် ဩဂုတ် ၁၉ ရက်တွင် ဘုရားကြီးမြို့လမ်းဆုံအနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Yum Yum ခေါက်ဆွဲခြောက်ထုပ် ၉၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ယနေ့တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၃၃၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၄၂၂၆ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၉၂၂၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀ ကိုလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ New Anbo မော်တော်ဆိုင်ကယ်တစ်စီး အပါအဝင် မော်တော်ဆိုင်ကယ် ခုနစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၉၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၉ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ပိုင်ရှင်က စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Itel Mobile Phone ခြောက်လုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် CHIGO Air Conditioner အလုံး ၆၁၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၆၀၀၀၀၀ ကိုလည်းကောင်း၊ TMT ဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ Country of Origin လွဲမှားသည့် CMP ချုပ်ထည် အမျိုးသမီးဝတ်ကုတ်အင်္ကျီ ၈၅၉၃ ထည် အပါအဝင် အဝတ်အထည် လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆၇၅၇၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၈၈၁၇၅၇၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် နေပြည်တော်ကောင်စီ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၆၂၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၄၀၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၈ ရက်၊ ၁၉ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၇၅၈၈၉၇၄ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များ အသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန်ကျမ်းစာအုပ်မှာ အုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂၄၀၆၁၁၁၂၊ ၀၉ ၄၂၀၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၁၁၂၊ ၀၉၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မြေအောက်ကေဘယ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၂၀


နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ သြဂုတ် ၁၉ ရက်က မြေအောက်ကေဘယ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာသြဂုတ် ၁၉ ရက် နံနက် ၃ နာရီခွဲတွင် တပ်ကုန်းမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း သတ္တသတ္တာဟ ဘုရားနှင့် သပြေစမ်းကျေးရွာကြားလမ်းလယ်ကျွန်းပေါ်၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာနေ ကျော်စိုး ၄၅ နှစ် (ဘ)ဦးတင်မောင်ဖြစ်ပြီး ၎င်းထံမှ ဖြတ်တောက်ခိုးယူထားသော မြေအောက်ကေဘယ်မီးကြိုး ဖြတ်စခွေ ၁၆ခွေ၊ ဂေါ်ပြားတစ်လက်၊ ဓားမတစ်ချောင်း၊ မီးကြိုးခွာရာတွင် အသုံးပြုသော အဝါရောင်လက်ညှပ်ဓားနှစ်ချောင်း၊ ဓားဆန်တစ်ဘူး၊ ဂက်စ်မီးခြစ် တစ်လုံး၊ လွယ်အိတ်တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ ကျော်စိုးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ဖြစ်မှုများကျူးလွန်ထားခြင်း ရှိမရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ မြေအောက်ကေဘယ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးကို သိမ်းဆည်းရမိ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။




## ရွှေဘိုမြို့တွင် စစ်ဘေးရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများ လှို့ဆော်ဝါဒဖြန့်

နေပြည်တော် သြဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သြဂုတ် ၁၇ ရက်တွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှို့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သြဂုတ် ၁၇ ရက်က စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဖမ်းဆီးထားသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများအသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှို့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပဲခူးတိုင်းဒေသကြီးတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မလူစုဆောင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန်သတင်း ရေးသားထုတ်လွှင့်ဖြန့်ဝေ

နေပြည်တော် သြဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သဲကုန်း၊ အုတ်ဖို၊ နတ်တလင်းစသည့်မြို့နယ်များတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မလူစုဆောင်းနေကြောင်း၊ ညဘက်လူအိပ်ချိန်တွင် အိမ်ထဲထိဝင်ရောက်ဆွဲခေါ်နေကြောင်း၊ အသက်မပြည့်သေးသောသူများလည်း ပါဝင်နေကြောင်း၊ စစ်မှုထမ်းကာလ ငါးနှစ်တာဝန်ထမ်းဆောင်ရန် လက်မှတ်ရေးထိုးခိုင်းနေကြောင်းစသည်ဖြင့် မဟုတ်မမှန်ဝါဒဖြန့် သတင်းများကို ပြည်ဖျက်မီဒီယာ DVBက အခြေအမြစ်မရှိဘဲ ရေးသားဖြန့်ဝေနေသည်ကို သိရသည်။

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာနှင့် နိုင်ငံကို အလုံးစုံပျက်သုဉ်းစေလိုသူ အကြမ်းဖက်၊ လောက်ကောင်များက လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)ထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များသည် တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေသည်မှာ မငြင်းနိုင်သည့် အမှန်တရားသာဖြစ်ကြောင်း၊ မိဘပြည်သူများကို အသိအမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနေလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ (၅၀၁)




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး

ပုခက်လွှဲသောလက်များဖြစ်ကြသည့် မိခင်များသည် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ရင်သွေးငယ်များကို ပြုစုပျိုးထောင်ရာ၌ များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အာဟာရပြည့်ဝနေမှသာလျှင် ကျန်းမာကြံ့ခိုင်သော ရင်သွေးငယ်တစ်ဦးကို မွေးဖွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သော နို့ချိုအာဟာရကိုလည်း တိုက်ကျွေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ကာအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**လူတိုင်းအတွက်အာဟာရ**

အာဟာရဓာတ်ဟူသည် သက်ရှိသတ္တဝါတိုင်း အသက်ရှင်သန်ကျန်းမာရေးအတွက် လိုအပ်သော ဩဇာဓာတ်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားနှင့် ရောဂါဘယကာကွယ်ရေးအတွက် လိုအပ်သည့် အာဟာရကို အစားအစာများစားသုံးရာမှ ရရှိခြင်းဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရ ရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာမစားရလျှင်ဖြစ်စေ၊ စားသည့်အစာမှ အာဟာရလုံလောက်စွာမရရှိလျှင်ဖြစ်စေ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာသည်။ မကြိုက်သည့်အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာအနည်းငယ်မျှကိုသာ စားနေခြင်း၊ အစားရှောင်ခြင်း စသည်တို့ကြောင့် အစားအစာကို အမည်စုံအောင်မစားဖြစ်သည့်အခါ အာဟာရဓာတ်တစ်ခုခုချို့တဲ့ခြင်းတို့လည်း ဖြစ်စေသည်။

**ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အထူးလိုအပ်**

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ် မိခင်သေဆုံးမှုနှုန်းသည် တစ်သိန်းလျှင် ၂၈၂ ဦးရှိခြင်းကြောင့် အရှေ့တောင်အာရှဒေသတွင် ဒုတိယအမြင့်မားဆုံးဖြစ်ပြီး အရှေ့တောင်အာရှဒေသ၏ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားစဉ် မိခင်ပျမ်းမျှသေဆုံးမှုနှုန်း တစ်သိန်းလျှင် ဦးရေ ၁၄၀ ထက် နှစ်ဆကျော်လွန်နေသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့် မီးဖွားမိခင် ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင်များ အာဟာရပြည့်ဝရေးသည် များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့ အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါ ကျန်းမာရေးထိခိုက်နိုင်ပြီး တစ်ခါတစ်ရံတွင် သေဆုံးသည်ထိ ဖြစ်နိုင်သည်။ ထို့ကြောင့် လိုအပ်သည့်အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာစားသုံးရန် လိုအပ်ပေသည်။

ကိုယ်ဝန်ဆောင်မိခင်တချို့သည် ကလေးထွားမည်စိုးသဖြင့်ဟူသော အကြောင်းပြချက်ဖြင့် အစားလျှော့ခြင်း၊ ရှောင်ခြင်းတို့သည် မှားယွင်းသောအယူအဆပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များသည် သာမန်အချိန်ထက် တစ်နပ်ပို၍စားရန်နှင့် အာဟာရဓာတ်အစုံအလင်ပါဝင်အောင် နေ့စဉ်စားသုံးရန် ပညာရှင်များက တိုက်တွန်းထားသည်။ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင်ဒီ၊ ဗီတာမင်စီ၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်ဘီတူး၊ ဗီတာမင်ဘီတွဲလ်၊ ဇင့်ဓာတ်ပါ ဆေးဝါးတို့ကို ဆရာဝန်များ၏လမ်းညွှန်ချက်ဖြင့်သောက်ရန်လည်း လိုအပ်သည်။

မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုများ (ဥပမာ-နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ)ဖြစ်ခြင်းမှကာကွယ်ရန် ကိုယ်ဝန်ရှိကြောင်း စတင်သိရှိချိန်မှစ၍ သံဓာတ် ၆၀ မီလီဂရမ်နှင့်ဖောလစ်အက်စစ်(၄၀၀ မိုက်ခရိုဂရမ်)ဆေးပြားကို တစ်နေ့တစ်ပြား နေ့စဉ်သောက်ပေးရန်လိုအပ်သည်။ ကိုယ်ဝန်သုံးလနောက်ပိုင်းတွင် သန်ချဆေးပြား (Mebendazole 500 mg) တစ်ကြိမ်သောက်သုံးရန် လိုအပ်သည်။ ကိုယ်ဝန်ကိုးလမှစ၍ ကလေးမွေးဖွားပြီး သုံးလထိ ဗီတာမင်ဘီဝမ်းဆေးပြားကို သတ်မှတ်ထားသောပမာဏအတိုင်း နေ့စဉ်သောက်သုံးရန် လိုအပ်သည်။

နို့တိုက်မိခင်သည်လည်း မိမိအတွက်ရောကလေးအတွက်ပါ အာဟာရဓာတ်လုံလောက်စွာရရှိစေရန် အစားကိုပိုစားရန်နှင့် အစားမရှောင်ရန်၊ မီးဖွားပြီးတစ်လအတွင်း အင်အားပြည့်ဗီတာမင်အေယူနစ်နှစ်သိန်းပါသော ဆေးလုံးတစ်လုံး တစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီးသုံးလထိ ဗီတာမင်ဘီဝမ်းအားဆေး နေ့စဉ်သောက်ရန်လည်း ကျန်းမာရေးဆိုင်ရာပညာရှင်များက တိုက်တွန်းထားရှိသည်။



အမှန်တော့ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန် လိုအပ်သည်။ အစားလုံးဝရှောင်ရန်မလိုဘဲ ထမင်းနှင့်ဟင်းတစ်နပ်ပိုစားရန် လိုအပ်သည်။ နို့တိုက်မိခင်သည် ငန်လွန်းသောအစာမှလွဲ၍ အစားလုံးဝရှောင်ရန်မလိုပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန်လိုအပ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စုသုံးမျိုးစလုံးပါအောင် စားသောက်ရမည်ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်း ပိုစားရန်လိုအပ်သည်။

ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းလျှင် ကိုယ်ဝန်ဆောင်နေစဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးကာလများအတွင်း အသက်အန္တရာယ်ကြုံတွေ့နိုင်သည်။ လမစေ့၊ ပေါင်မပြည့်သော ကလေးမွေးဖွားတတ်သည်။ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှကာကွယ်ရန် သံဓာတ်အာဟာရကြွယ်ဝသောအစားအစာများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှ စားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့်အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့် အချဉ်ဓာတ်(ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှ သံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင်ကူညီသည်။

အိုင်အိုဒင်းသည်လည်း သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာစားသုံးရန် လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးတတ်သည်။ ကလေးငယ်များအိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ခန္ဓာကိုယ် စံချိန်မီမကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေတတ်သည်။ ဉာဏ်ထိုင်းပြီး လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိရန် အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ သန္ဓေသားဘဝမှစ၍ သက်ကြီးရွယ်အိုဘဝထိ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာ မှီဝဲသွားရန် လိုအပ်သည်။

**သဘာဝမိခင်နို့ရည်**

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ်ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့်တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့်ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကို နို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာ တိုက်ကျွေးနိုင်ပါသည်။ အမှန်တော့ နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန် လိုအပ်သည်။ ထမင်းနှင့်ဟင်း တစ်နပ်ပိုစားရန်လိုသည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသောအစာမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သောအာဟာရများပြည့်စုံကာ လုံလောက်သောပမာဏ ရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန် လိုအပ်သည်။

**ဗီတာမင်အေ အာဟာရ**

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့်ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက်မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏နို့ကိုစို့ရသော ကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေကြွယ်ဝသည့်အစာများကို လုံလောက်စွာစားသုံးရန် လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်တွင် ထွက်သည့်နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ထို့ကြောင်ကလေးကိုနို့ဦးရည်တိုက်ဖြစ်အောင် တိုက်ပေးရန်လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင် ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန် လိုအပ်သည်။

**ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးအလေးထားဆောင်ရွက်ပေး**

စင်စစ်အားဖြင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ကလေးငယ်များ ကျန်းမာပျော်ရွှင်ရောဂါကင်းစင်စေရန်အတွက် မိခင်များ ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီး နို့တိုက်မိခင်ကာလတို့တွင်ပါ အာဟာရပြည့်ဝရန် လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စုသုံးမျိုးစလုံးကို နေ့စဉ်မျှတစွာစားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့်ကိုက်ညီသော အာဟာရပြည့်အစားအစာများကို ကျန်းမာရေးအသိပညာဗဟုသုတဖြင့် စားသောက်နေထိုင်သွားသင့်ပါကြောင်း ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အတွက် အလေးထားတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**


- ၁၈-၈-၂၀၂၂ ထုတ် မြန်မာ့အလင်း သတင်းစာ။
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အာဟာရ |Standardized Health Messages (myanmarhealth.info)

မောင်သောင်းဝင်း(တမန်ဟောင်း)

ဝတ္ထုတိုကဏ္ဍ

# အပြုံးချို

မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

"အစ်ကို အိမ်အမြန် ပြန်လာခဲ့ပါ။ အဖေ မိန်းမ ခိုးပြေးသွားလို့"

ညီမဖြစ်သူထံမှ ကြားလိုက်ရသော စကားကြောင့် ဟိန်းစိုး ဖုန်းပြန်ချရန် မေ့နေမိသည်။

အမေ မရှိတော့သည့်နောက်ပိုင်းတွင် အဖေသည် ကြိုးကြာကွင်းရွာလေးတွင် အငယ်ဆုံးသမီးဖြစ်သူနှင့် အတူ နေထိုင်ခဲ့သည်။ ဟိန်းစိုးတို့မောင်နှမနှင့် အဖေသည် အမေမရှိသည့်နောက်ပိုင်းတွင် စည်းတစ်ခုခြား နေခဲ့သည်။ ဟိန်းစိုးသည် ပညာရေးဝန်ထမ်းအဖြစ် ခင်ကန့်လန့်ရွာတွင် တာဝန်ကျသည်။ ကျောင်းပိတ်ရက်များတွင် အိမ်သို့ပြန်လေ့ရှိ၏။ အိမ်ပြန်သောရက်များတွင်လည်း အဖေနှင့်စကားပြောချိန် အလွန်နည်းပါးခဲ့သည်။ အစ်မဖြစ်သူ သိမ့်သိမ့်ထွေးမှာ ပိန်းဇလုပ်မြို့တွင် သားဖွားဆရာမအဖြစ်တာဝန်ကျနေသည်။ အစ်မသည်လည်း အိမ်သို့ပြန်ချိန် အလွန်နည်းပါးလျက်ရှိ၏။ ထို့ကြောင့် အဖေနှင့်အစ်မကြားတွင် ဆက်ဆံရေးကျဲပါးနေပြန်၏။ ညီမဖြစ်သူ ပြည့်ပြည့်ဝင်းသည် တက္ကသိုလ်ဝင်တန်းကျောင်းသူဖြစ်သည်။ ထို့ကြောင့် ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျူရှင် အမြဲအလုပ်ရှုပ်နေတတ်သည်။

ဟိန်းစိုးသည် ကျောင်းဆင်းချိန်တွင် အဖြူအစိမ်းပင် မလဲနိုင်ပေ။ အိမ်သို့ အလောတကြီးပြန်လာခဲ့ရ၏။ အိမ်သို့ရောက်သောအခါ အစ်မဖြစ်သူ သိမ့်သိမ့်ထွေး ရောက်နေလေပြီ။ ညီအစ်မနှစ်ဦး အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်နေကြ၏။ မျက်နှာများမှာ ငိုထားသည့်မှန်း သိသာသည်။

"အဖေက ဘယ်သူ့ကိုခိုးပြေးတာလဲ အစ်မ"

"ရွာနောက်ပိုင်းက ယမင်းသော်"

"ဟာ ဟုတ်လို့လား။ မဖြစ်နိုင်တာအစ်မရယ်"

"ဖြစ်နိုင်လို့ပဲ အခု ခိုးပြေးသွားပြီလေ။ ဘယ်လိုလုပ်ကြမလဲ။ ဒီအရွယ်ကြီးရောက်မှ အဖေရယ်"

အစ်မဖြစ်သူငိုနေသည်ကိုကြည့်ကာ ဟိန်းစိုး နှစ်သိမ့်ပေးရန် စကားအစရှာမရဖြစ်နေ၏။

"အဖေက ယမင်းသော်ကို ခိုးပြေးသွားတယ်ဆိုတာ ဘယ်သူပြောတာလဲ ညီမ"

"ခေါင်းရင်းအိမ်က ဒေါ်ထက်ယမုံပြောတာပါ အစ်ကို"

"ဟုတ်တယ် မောင်ဟိန်းစိုးရဲ့ အဒေါ်ကိုယ်တိုင် ညောင်လေးပင်ဈေးမှာ မြင်ခဲ့တာ။ သားအဖေရဲ့ ဆိုင်ကယ်နောက်မှာ ယမင်းသော်က အထုပ်ကလေး ပိုက်လို့"

အိမ်နီးချင်း ဒေါ်ထက်ယမုံစကားကို ကြားလိုက်ရချိန်တွင် ဟိန်းစိုး ပြောစရာစကားမရှိတော့ပေ။

"အဖေက ဘယ်ကိုခိုးပြေးတာလဲ။ ဖုန်းဆက်ကြည့်ပါဦး အစ်မရာ"

"အဖေ့မှာ ဖုန်းမှမရှိတာ"

"ဟာ အဖေ့ကို ဖုန်းဝယ်ပေးဖို့ ကျွန်တော်ပေးတဲ့ ပိုက်ဆံကကော"

"ငါလဲ အလုပ်တွေများနေတာနဲ့ မဝယ်ပေးဖြစ်ဘူး မောင်လေးရယ်"

"ဟူး ဒါဆို အဖေ့ကို ဘယ်လိုဆက်သွယ်ကြမလဲ။ စိတ်ညစ်ပါတယ်"ဟု ညီမဖြစ်သူက ပြောသည်။

ဟိန်းစိုးသည် ညီမဖြစ်သူစကားကို ပြန်မဖြေနိုင်။ နံရံပေါ်တွင် ချိတ်ဆွဲထားသော အမေ့ဓာတ်ပုံကိုသာ အားနာသောစိတ်ဖြင့် ငေးကြည့်နေမိ၏။

"အမေ မရှိတော့ရင် နင်တို့အဖေကို ပစ်မထားနဲ့ ဂရုစိုက်ပါ"

မိခင်ဖြစ်သူ၏ နောက်ဆုံးစကားကို ပြန်ကြားယောင်နေမိသည်။

(၂)

ကျနေဖြစ်သော်လည်း အပူရှိန်ပြင်းလျက်ပင်။ အိပ်တန်းပြန်ငှက်ကလေးများက လေဟုန်စီးလျက် အသိုက်ရှိရာသို့ ခြေဦးလှည့်နေကြလျက်။

"ကိုကျော်မောင်ရေ၊ ကိုကျော်မောင်"

"ဟေး ဘာတုံး"

"ဒီမှာ ခေါင်းပေါ်ကအထုပ် လာကူချပေးပါအုံး"

ဇနီးသည်စကားကြောင့် ဦးကျော်မောင် အိမ်ရှေ့ ပြေးထွက်လာသည်။

"ဘာတွေသယ်လာတာလဲ"

ဇနီးသည်ခေါင်းပေါ်မှ အထုပ်ကိုသယ်မလျက် ဦးကျော်မောင် မေးလိုက်သည်။

"ဘာတွေရမလဲ။ သားသမီးတွေအတွက် ကျောင်းတက်ရင်လိုတဲ့ပစ္စည်းတွေပေါ့"

"အေး ဟုတ်သား။ သားလတ်က ပညာရေးကောလိပ် နောက်ဆုံးနှစ်။ သမီးကြီးက သားဖွား သင်တန်း။ အငယ်မက ကိုးတန်းကျောင်းသူ။ ငွေတော့ အတော်ထိတယ် ဟေ့"

"သူတို့အလုပ်ရတော့ ကျုပ်တို့နားရပြီပေါ့ ကိုကျော်မောင်ရယ်"

ဇနီးဖြစ်သူစကားကြောင့် ဦးကျော်မောင် ပြုံးလိုက်သည်။

(၃)

"သက်သာရဲ့လား လှမြိုင်"

"သက်သာပါတယ် ကိုကျော်မောင်ရယ်"

"ဘာစားချင်လဲ ပြောလေ။ ကိုကျော်မောင် ချက်ပေးမယ်"

"မစားချင်ပါဘူး ကိုကျော်မောင်ရယ်။ ကလေးတွေ ကျောင်းတက်ရတာ အဆင်ပြေကြလား"

"ပြေပါတယ်။ သူတို့ ကျောင်းပိတ်တော့မယ်လေ။ အငယ်မလဲ စာမေးပွဲဖြေရတော့မှာ လှမြိုင်"

❖သားသမီးများ၏စကားကို ခေါင်းညိတ်လက်ခံရသော်လည်း ဦးကျော်မောင် မျက်နှာမရွှင်ပြ။ ဦးကျော်မောင်လည်း အငယ်ဆုံးသမီးနှင့်ကျန်ရစ်ခဲ့သည်။ နံနက်စောစော ထမင်းချက်သည်။ သမီးအတွက် ကျောင်းထမင်းထုပ်ပြင်ပေးသည်။ သမီးကျောင်းသွားချိန်တွင် အိမ်အလုပ်လုပ်ရသည်။ ဦးကျော်မောင်သည် ဇနီးမရှိသည့်နောက်ပိုင်းတွင် တစ်ယောက်တည်းဖြစ်လာသကဲ့သို့ ခံစားလာရသည်။ သားသမီးများ ပြန်လာကြသော်လည်း စကားပြောနည်းကြသဖြင့် နီးလျက်နှင့်ဝေးနေကြပြန်သည်။ သားသမီးများဆီက လစဉ် ထောက်ပံ့ငွေများရရှိသော်လည်း မပျော်ရွှင်။ ❖

"ကျုပ်မရှိတော့ရင် တော့်ကို စိတ်မချဘူး ကိုကျော်မောင်"

"ငါလဲ ငယ်တော့တဲ့အရွယ်မှ မဟုတ်တာ လှမြိုင်ရယ်"

"မငယ်တော့လို့ပေါ့။ သားသမီးတွေက တော်နဲ့ တရင်းတနှီးမနေကြဘူးလေ။ တော် အနေရခက်နေမယ်ထင်လို့ပါ"

"ငါနေတတ်ပါတယ် လှမြိုင်ရယ်။ စိတ်ချပါ"

သို့နှင့် ဒေါ်လှမြိုင်သည် နွေဦး၏အပူကို အန်တုနိုင်စွမ်းမဲ့လာခဲ့၏။ တစ်နေ့သောညနေ မှုန်ပြပြလရောင်အောက်တွင် လောကကြီးကို ဥပေက္ခာပြုသွားခဲ့လေသည်။

(၄)

"သားကတော့ တာဝန်ကျတဲ့ရွာမှာ သွားနေရမယ် အဖေ"

သားဖြစ်သူစကားကြောင့် ဦးကျော်မောင်၏ အကြည့်များက သမီးကြီးဖြစ်သူထံ ရောက်သွား၏။

"သမီးကကော ဘယ်လိုစိတ်ကူးထားလဲ"

"သမီးကတော့ အလုပ်ခန့်စာပေါ်မှတည်တယ်လေ။ တာဝန်ကျတဲ့နေရာမှာပဲ နေဖြစ်မှာပါ"

"ဟုတ်တာပေါ့ အဖေလက်ခံပါတယ်ကွယ်"

"စားစရိတ်တော့ မပူပါနဲ့အဖေ။ သားတို့ထောက်ပံ့မှာပါ။ ညီမလေးကျောင်းစရိတ်လဲ သားတို့ပဲတာဝန်ယူမှာပါ"

သားသမီးများ၏စကားကို ခေါင်းညိတ်လက်ခံရသော်လည်း ဦးကျော်မောင် မျက်နှာမရွှင်ပျ။ ဦးကျော်မောင်လည်း အငယ်ဆုံးသမီးနှင့် ကျန်ရစ်ခဲ့သည်။ နံနက်စောစော ထမင်းချက်သည်။ သမီးအတွက် ကျောင်းထမင်းထုပ်ပြင်ပေးသည်။ သမီးကျောင်းသွားချိန်တွင် အိမ်အလုပ်လုပ်ရသည်။ ဦးကျော်မောင်သည် ဇနီးမရှိသည့်နောက်ပိုင်းတွင် တစ်ယောက်တည်းဖြစ်လာသကဲ့သို့ခံစားလာရသည်။ သားသမီးများပြန်လာကြသော်လည်း စကားပြောနည်းကြသဖြင့် နီးလျက်နှင့်ဝေးနေကြပြန်သည်။ သားသမီးများဆီက လစဉ် ထောက်ပံ့ငွေများရရှိသော်လည်း မပျော်ရွှင်။ မိမိလိုအပ်သည်ကို သားသမီးများက နားလည်ဟန်မတူသဖြင့် ပို၍ပင် စိတ်သောကဖြစ်နေရပြန်သည်။

(၅)

တစ်ခုသော နံနက်ခင်းတွင် ဦးကျော်မောင် တစ်ယောက် ညောင်လေးပင်မြို့သို့ ထွက်ခဲ့သည်။ ညနေ နေဝင်သည့်အချိန်ထိ ပြန်ရောက်မလာခဲ့ပေ။ နောက်ဆုံးကြားလိုက်ရသည်မှာ မိန်းမခိုးပြေးသွားသည်ဟူသော သတင်းပင်ဖြစ်သည်။

"ဘယ်လိုလုပ်ကြမလဲ အစ်ကို"

"အဖေ့ဘက်က ဆက်သွယ်လာတာကိုပဲ စောင့်ကြရမှာပေါ့"

ရှိုက်သံဖြင့်ပြောလာသော ညီမငယ်၏ စကားကြောင့် တွေးတွေးဆဆဖြင့် ပြန်ဖြေလိုက်သည်။

"အချိန်ရှိတုန်း ယမင်းသော်အိမ်ကို အကျိုးသင့်အကြောင်းသင့် သွားပြောလိုက်အုံး။ ရပ်မိရပ်ဖလဲ ခေါ်သွားကြ"

ဒေါ်ထက်ယမုံစကားကို ဟိန်းစိုး ခေါင်းညိတ်လိုက်သည်။

"အဒေါ်လဲ လိုက်ခဲ့အုံးဗျာ"

စာမျက်နှာ ၂၅ သို့ ➤

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၁၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခန္တီး ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၁၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၁၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီပြီးစီးအောင် စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဓနုဖြူမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**ဓနုဖြူ ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ ဝယ်ယူမှုအားကောင်းလာသောကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း ဓနုဖြူမြို့နယ်မှ ဟင်းသီးဟင်းရွက်အစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့်မုန်လာဥများမှာ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

''လက်ရှိ ဓနုဖြူမြို့နယ်ကနေ မုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ အခု ဒေသထွက်မုန်လာဥဖြူတွေ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ဇူလိုင်လပထမပတ်လောက်ကတည်းက အရောင်းအဝယ် ကောင်းနေပြီး ဒေသထွက် မုန်လာဥဖြူတွေအပါအဝင်ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေပါတယ်''ဟု ပွဲရုံပိုင်ရှင်ဒေါ်ခင်ဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

(၆)

"ဘယ်တတ်နိုင်ပါ့မလဲ မောင်ဟိန်းစိုးရယ်။ ဦးတို့လဲ ဘာမှကို မပြောတတ်အောင်ပါပဲကွယ်"

တစ်ဖက်မိန်းကလေးရှင်မိဘများက နားလည်လက်ခံကြသော်လည်း ဟိန်းစိုး မျက်နှာမထားတတ်အောင်ပင်ဖြစ်ရသည်။

"ဖြစ်လာမှတော့ လက်ခံရတော့မှာပေါ့။ သင့်သလို စီစဉ်ရမှာပဲ။ တစ်ခုပဲ ယမင်းသော်က မောင်ဟိန်းစိုးတို့နဲ့ သက်တူရွယ်တူဆိုတော့ အနေထိုင်ခက်နေကြမှာပဲလေ"

ယမင်းသော်၏ ဖခင်ဖြစ်သူစကားကြောင့်-

"ကျွန်တော်တို့လဲ အလုပ်မှာပဲ နေတာများပါတယ်။ အဖေ့ကိစ္စကို ဘာမှဝင်မစွက်ဖက်ပါဘူး။ ပျော်သလိုသာနေကြပါစေ"

"အေးကွယ် ဖြစ်သမျှအကြောင်း အကောင်းပဲမှတ်ရတော့မယ်။ ကဲ မိုးလဲချုပ်စပြုပြီ ပြန်ကြတာပေါ့"

ရပ်မိရပ်ဖ ဦးလွန်းမောင် စကားဆိုလာသည်။ ဟိန်းစိုးတို့လည်း ယမင်းသော်၏မိဘများကို နှုတ်ဆက်စကားပြောကာ ပြန်လာခဲ့ကြသည်။ နေလုံးသည် အရောင်ဖျော့လာသည်။ တရိပ်ရိပ်ဖြင့် နေရောင်ပျောက်လုနီးပါးဖြစ်လာခဲ့လေပြီ။ ရွာမြေနီလမ်းကလေးက လူသွားလူလာရှင်းနေသည်။ လက်ကျန်နေရောင်က မြေနီလမ်းမထက်တွင် အရိုန်အဝါကင်းမဲ့လာလေသည်။

"ဦးကျော်မောင် ပြန်လာပြီ"

အော်သံကြောင့် ဟိန်းစိုးတို့မောင်နှမ အိမ်ရှေ့သို့ ပြေးထွက်လာကြသည်။ ဆိုင်ကယ်လေးနောက်တွင် ဈေးဆွဲခြင်းလေးတင်၍ ပြန်လာသောဖခင်ကို တွေ့လိုက်ရသောကြောင့် ဟိန်းစိုး အံ့ဩသွားသည်။

"အဖေ တစ်ယောက်ထဲလား"

"တစ်ယောက်ထဲပေါ့ကွ"

"ယမင်းသော်ကကော"

"ဟာ ငါဘယ်သိမလဲ"

"အဖေ့ဆိုင်ကယ်နောက်က ပါသွားတယ်ဆို"

"အေးလေ"

"အဖေက ယမင်းသော်ကို ခိုးပြေးသွားတယ်ဆို"

"ဟ ပေါက်ကရကွာ။ သူက မြို့ကို လူကြုံလိုက်တာပါ။ သူ့ချစ်သူနဲ့ ခိုးရာလိုက်မယ်ဆိုတာကို မြို့ရောက်မှသိတာ"

"ဒါဆို အဖေက ဘယ်သွားနေလို့ အခုမှပြန်လာတာလဲ"

"ဘယ်သွားရမှာလဲ သားရယ် မနက်ဖြန် မင်းတို့အမေ တစ်နှစ်ပြည့်လေ။ သူ့အတွက် ကုသိုလ်လေးလုပ်မလို့ မြို့တက်ဈေးသွားဝယ်တာပေါ့"

ဖခင်စကားကြားရချိန်တွင် ဟိန်းစိုး စိတ်မကောင်းဖြစ်သွားသည်။ ဟိန်းစိုးတို့လည်း အမေ့အတွက် မေ့နေခဲ့ကြသည်။ တာဝန်ကိုယ်စီထမ်းဆောင်နေကြသဖြင့် အဖေ့ကို ပစ်ထားမိခဲ့ကြသည်။ အဖေ့ရင်ထဲတွင် အမေရှိနေခဲ့သည်။ အမေနှင့်ပတ်သက်သော အမှတ်တရများသည် အဖေ့နှလုံးသားတွင် မပယ်ဖျက်ခဲ့ပေ။

ဖခင်ဖြစ်သူ၏လက်ကို ဟိန်းစိုးတို့မောင်နှမသုံးဦး ဆုပ်ကိုင်လိုက်၏။ အဖေနှင့်အကြည့်ချင်းဆုံသွားကြ၏။ အပြုံးများလည်း ထပ်တူကျနေပါတော့သည်။

## လှုငယ်စွမ်းအင် မြှင့်ကာတင်

\- လူတိုင်းဟူ အားနည်းချက်
ကွက်လပ်တို့ ရှိပါသည်၊
မသန်သော် စွမ်းနေကြ
ဘဝရပ်တည်၊
အားမလျှော့ လှမ်းကိုင်မည်
ပန်းတိုင်ဆီ အရောက်သွား၊
တွေဝေကာ ဘယ်မငေး
အပြေးအလွှား။

\- စိတ်ဓာတ်သည် လူ့ခွန်အား
မြှင့်တင်ထား ဖန်ခါခါ၊
အရှုံးကို မညည်းတွား
ကြိုးစားလို့သာ၊
မျိုးချစ်စိတ် ရှင်သန်စွာ
အမြင်မှန်ပါ လျှောက်သောလမ်း၊
ဘက်ပေါင်းစုံ ခေတ်မီအရေး
ကြံတွေးကြိုးပမ်း။

\- ပြည်ထောင်ဂုဏ် မညှိုးနွမ်း
ထိန်းသိမ်းစမ်း မျိုးဆက်တွေ၊
ယုံကြည်ရာ အနာဂတ်
မြင့်မြတ်ပါစေ၊
အားတင်းလို့ ခိုင်အခြေ
အနေမယိုင် အောင်လံလွှင့်၊
စံတင်ဖွယ်
ဉာဏ်မြင်ကျယ် ဖွဲ့ရင့်ကျက်ပါလို့
မျိုးဆက်ဂုဏ်မြှင့်။ ။

**ဈာန်လေး(ပညာရေး)**

# ဘားအံမြို့နယ် လှိုင်ကားကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဩဂုတ် ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့သင်းရှူးကျေးရွာအုပ်စု လှိုင်ကားကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လှိုင်ကားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် သိန်း ၁၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၄၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁ ဦးကို ရန်ပုံငွေကျပ် ၂၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ဆက်လှ**

# ဥပဒေနှင့်ဆင်ခြင်တုံတရားကို ညွှန်ပြသည့်စီရင်ထုံး

စိန်လှိုင်ဖိုလ်

**ရာဇဝတ်မှုများတွင် သက်သေများသည် စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်သည့် အကြောင်းကြောင့် "သက်သေတို့၏ထွက်ချက်ကို လက်မခံရ"ဆိုသောတားမြစ်သည့်ဥပဒေမရှိပေ။ သက်သေတစ်ဦးဦးကို ယုံကြည်သင့်၊ မသင့်ဆိုသော ပြဿနာနှင့်ပတ်သက်၍ ထိုသက်သေသည် အမှုဖြစ်ပွားပုံကို တွေ့မြင်နိုင်ရန် အကြောင်းရှိ၊ မရှိ၊ ကွယ်ထောင့်လိမ်လည်၍ ထွက်ဆိုရန်အကြောင်းရှိ၊ မရှိ၊ ၎င်း၏ထွက်ချက်သည် အမှုဖြစ်အကြောင်းချင်းရာများနှင့် ဆီလျော်အပ်စပ်ခြင်းရှိ၊ မရှိဆိုသည့် အချက်အလက်များပေါ် မူတည်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။**

အထက်ပါ သုံးသပ်ချက်သည် ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ်-၂ တွင် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်နှင့် တရားသူကြီး ဦးသက်ဖေတို့ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုမှ ထုတ်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။ တရားရေးလောကသားများနှင့် ပြည်သူအများ ဥပဒေဗဟုသုတရရှိစေခြင်းအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**


စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရသစ်ကျေးရွာနေ မောင်ကြည်မောင်နှင့် ၎င်း၏ညီမ မစုတို့သည် သာဒွန်းရွာသို့ ပွဲကြည့်ရန်သွားကြသည်။ ထိုနေ့က ပွဲမကဖြစ်ဘဲ လပြည့်ကျော် ၄ ရက်နှင့် ၅ ရက်များတွင် ကပြမည်ဟုသိရသဖြင့် မောင်ကြည်မောင်သည် ညီမ မစုကို မကြင်အိမ်၌ထားခဲ့ပြီး ရွာသို့ပြန်ခဲ့သည်။ လပြည့်ကျော် ၆ ရက်တွင် လာခေါ်မည်ဟု ညီမကို မှာထားခဲ့ပါသည်။

လပြည့်ကျော် ၆ ရက် ညနေ ၃ နာရီတွင် မစုသည် မကြင်၏ အိမ်အပေါ်ထပ်၌ အိပ်နေစဉ် အောက်၌ မကြင်နှင့် ၎င်း၏တူမ မမြကြင်တို့ ရှိနေကြပါသည်။ ထိုအချိန်တွင် မောင်တင်ဦး၊ မောင်သူငယ်နှင့် မောင်ကျော်ရှိန်တို့သည် ရောက်ရှိလာကြပြီး မောင်တင်ဦးက ခါးကြားမှ ဓားမြှောင်ကိုထုတ်၍ ၎င်း၏တစ်ဝမ်းကွဲညီမ မစုကိုစကားပြောလိုသည်။ ထုတ်ပေးပါဟုပြောပါသည်။ ထိုစဉ် မောင်တင်ဦးမှာ အရက်မူးနေပုံရပါသည်။ မကြင်က ထုတ်မပေးနိုင်ကြောင်းပြောသဖြင့် မောင်တင်ဦးက အိမ်ပေါ်သို့ တက်ရန် ဟန်တပြင်ပြင် လုပ်နေပါသည်။

ထိုကဲ့သို့ အကြောင်းခြင်းရာများကို ကြမ်းပေါက်မှ ချောင်းကြည့်နေသည့် မစုက တွေ့မြင်ရသဖြင့် ကြောက်ရွံ့ကာ မကြင်အိမ်အနီးရှိ မအေး၏အိမ်သို့ ထွက်ပြေးပြီး မအေးအိမ်အောက်ထပ်ရှိ ခုံတန်းလျားပေါ်တွင် သွားထိုင်နေပါသည်။ မစုထွက်ပြေးသွားသည်ကိုတွေ့မြင်သဖြင့် မောင်တင်ဦး၊ မောင်ကျော်ရှိန်နှင့် မောင်သူငယ်တို့က အတင်းလိုက်ဆွဲမှာပဲဟု ပြောဆိုကာ မစုနောက်သို့ လိုက်သွားကြပါသည်။ မကြင်နှင့်မမြကြင်တို့ကလည်း မစုကို အတင်းဆွဲသွားမည်ကိုစိုးရိမ်၍ မစုထိုင်နေသော တန်းလျားပေါ်၌ တစ်ဖက်တစ်ချက်ညှပ်ကာ ထိုင်နေကြပါသည်။ ထိုအချိန်တွင် လက်ခေါက်မှုတ်သံကြားလိုက်ရပြီးနောက် မောင်ချစ်လှ၊ မောင်ကျော်စိန်တို့ရောက်လာကာ မစုကို ဝိုင်းဆွဲရာ မကြင်နှင့် မမြကြင်တို့အပြင်ကျောင်းမှ ပြန်လာသည့် မောင်သန်းထွန်းကပါ ဝင်ဆွဲသော်လည်း အင်အားချင်းမမျှသဖြင့် ၎င်းတို့နောက်သို့ ပါသွားသည်။ မစုက အော်ဟစ်ပြီး ရုန်းကန်သော်လည်း မရခဲ့ပါ။

မောင်တင်ဦးတို့သည် မစုကိုဝင်း၀၌ရပ်ထားသည့် လှည်းဆီသို့ခေါ်သွားရာ လှည်းပေါ်တွင် ရှိနေသူ မောင်ချစ်လှကဆွဲတင်သည်။ ကျန်သူများက အတင်းတွန်း၍တင်ကြသဖြင့် လှည်းပေါ်ရောက်သွားသည်။ လှည်းကိုဒုန်းစိုင်း၍ ရွာမြောက်သို့ မောင်းသွားသည်။ မစုသည် ကယ်ပါ ယူပါ တစာစာဖြင့် အော်ဟစ်ငိုကြွေးလျက်ပါသွားသည်။ ဦးထွန်းဆင့်၊ မောင်ကံအေးအပြင် ရွာသား ၁၅ ယောက်တို့နှင့်အတူ လှည်းနောက်သို့ ဝိုင်းလိုက်ကြသော်လည်း လှည်းပေါ်မှ လူများက "မဆိုင်သူမကပ်နဲ့"ဟုပြောဆိုကာ ဓားများကို ပြသဖြင့် ဆက်၍မလိုက်ကြတော့ဘဲ ပြန်လာကြပါသည်။

ချက်ချင်းပင် အိမ်ရှင် မကြင်က သာဒွန်းရွာသူကြီး ဦးကျော်စိန်ထံတိုင်ကြားသည်။ မကြင်က တူမဖြစ်သူ မမြကြင်ကို ရသစ်ရွာရှိ မစုအစ်ကို မောင်ကြည်မောင်ထံ အကြောင်းကြားခိုင်းလိုက်သည်။ မောင်တင်ဦးတို့သည် မစုကို ပေါက်တောချောင်ရွာသို့ ခေါ်သွားကြပြီး နေ့အချိန်တောထဲတွင်ထားပြီး ညအချိန်မှသာ ရွာသို့ပြန်ခေါ်လာသည်။ ထိုကဲ့သို့ ပေါက်တောချောင်ရွာတွင်နေရသည့် နေ့နှင့်ည အချိန်များတွင် မစုကို မောင်ချစ်လှက သားမယားအဖြစ် ပေါင်းသင်းခဲ့သည်။ မောင်ချစ်လှနှင့် မောင်ကျော်ရှိန်တို့၏ ခိုင်းစေချက်အရ ပေါက်တောချောင်ရွာနေ ဦးအုန်းခင်နှင့် ဦးတင့်တို့ရှေ့၌ **“မောင်ချစ်လှနောက်သို့ မိမိ**



**အလိုအတိုင်းလိုက်လာကြောင်း လက်မှတ်ရေးထိုးလိုက်ရသည်။ အလားတူပင် သောင်ကြီးရွာသူကြီးဦးဘတုတ်ရှေ့တွင် လက်မှတ်ရေးထိုးခဲ့ရသည်"** ထိုသို့ လက်မှတ်ထိုးလိုက်ရပြီးနောက် အစ်ကိုဖြစ်သူ မောင်ကြည်မောင်က မြောင်ရဲတပ်စခန်းသို့ မစုကို ခေါ်သွားရာ **ရဲစခန်းအရောက်တွင် မစုက မချစ်ကြိုက်မနှစ်သက်ဘဲ အတင်းအဓမ္မဆွဲခေါ်၍ လိုက်လာရကြောင်း ရဲအရာရှိထံ**တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်ပါသည်။

အမှုကို စစ်ကိုင်းခရိုင် မြင်းမူမြို့ ပထမရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင် စစ်ဆေးခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၃၆၆(၁)/၁၁၄ အရ သက်သေများကို ကြားနာစစ်ဆေးပြီးနောက် တရားခံများကို တရားသေလွှတ်ခဲ့ပါသည်။ တရားသေလွှတ်သော အမိန့်ကို အစိုးရကမကျေနပ်သဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၁၇ အရ အယူခံဝင်ရာ မန္တလေးမြို့၌ ရုံးထိုင်သည့် တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၅၂ တွင် မူလရုံးမှ တရားသေလွှတ်သော အမိန့်ကို ပယ်ဖျက်လိုက်ပါသည်။ မောင်ချစ်လှကို ရာဇသတ်ပုဒ်မ-၃၆၆(၁)အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်၊ ကျန်အယူခံတရားလိုတို့အပေါ် ရာဇသတ်ပုဒ်မ-၃၆၆(၁)/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ၄ နှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ ထိုအမိန့်ကို မကျေနပ်ကြသဖြင့် ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေပုဒ်မ-၆ အရ အထူးအယူခံမှုကို တင်သွင်းခဲ့ကြပါသည်။

**နိုင်ငံတော်တရားရုံးချုပ် အထူးရာဇဝတ်ခုံရုံး၏စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို မောင်ချစ်လှက မိမိသည် မစုနှင့် ချစ်ကြိုက်နေသည့်အလျောက် မစုက ချိန်းဆိုထားသည့်အတိုင်း သာဒွန်းရွာသို့သွားရောက်ခိုးယူခြင်းသာဖြစ်ကြောင်းထုချေသည်။ ကျန်အယူခံတရားလိုတို့ကမူ မောင်ချစ်လှခေါ်၍ လိုက်သွားရကြောင်း ထွက်ဆိုသည်။ မူလရုံးတရားသူကြီးသည် ၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၌ အချင်းဖြစ်ပွားသော်လည်း ပထမသတင်းချက်ကို ဖေဖော်ဝါရီလ ၇ ရက်တွင်သာ တိုင်တန်းခဲ့သဖြင့် လုပ်ကြံတိုင်တန်းချက်ဖြစ်သည်ဟုလည်းကောင်း၊ မစုသည် မကြင်၏ အိမ်အပေါ်ထပ်တွင် တံခါးပိတ်၍ အော်ဟစ်အကူအညီတောင်းပါက အယူခံတရားလိုတို့၏ နောက်သို့ ပါသွားရန် အကြောင်းမရှိပါဘဲလျက် မအေး၏ အိမ်အောက်သို့ ဆင်းပြေးသွားခြင်းမှာ ကိုယ်ယောင်ပြသည့်သဘောသက်ရောက်နေသည်ဟုလည်းကောင်း၊ မစုကို အယူခံတရားလိုတို့က အတင်းအဓမ္မဆွဲခေါ်သွားသည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ လွတ်လပ်သည့်သက်သေဖြစ်သော မအေးကိုမစစ်ဆေးဘဲ မစုနှင့်ဆွေမျိုးတော်စပ်သူတို့ကိုသာ စစ်ဆေးခဲ့သဖြင့် သံသယဖြစ်စရာအကြောင်းပေါ်ပေါက်နေသည်ဟုလည်းကောင်း၊ မစုသည် ပေါက်တောချောင်ရွာရှိလူကြီးများနှင့် သောင်ကြီးရွာသူကြီး၏ရှေ့၌ မောင်ချစ်လှကို ချစ်ကြိုက်၍ လိုက်လာသည်ဟုဝန်ခံခဲ့၍အတင်းအဓမ္မဆွဲလာသည်ဆိုသော စွပ်စွဲချက်မှာ ဒွိဟဖြစ်စရာအကြောင်းရှိသည်ဟုလည်းကောင်း၊ တရားခံများကို တရားသေလွှတ်ခဲ့ခြင်းအပေါ် အထူးရာဇဝတ်ရုံးတော်က ဖော်ထုတ်ဝေဖန်စိစစ်ခဲ့ပါသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် အချင်းဖြစ်ပွားခဲ့ပြီး မစု၏အစ်ကိုဖြစ်သူမောင်ကြည်မောင်က ဖေဖော်ဝါရီလ ၇ ရက် နေ့၌သာ မြောင်ရဲတပ်ဖွဲ့စခန်းတွင် တိုင်ချက်ပေးခဲ့သည်မှာ မှန်သော်လည်း မောင်ကြည်မောင်သည် အချင်းဖြစ်သည့်နေ့ညကပင် နဂါးပေါက်ရဲကင်းစခန်း၌ တိုင်တန်းခဲ့သော ထွက်ဆိုချက်ရှိပေသည်။ အချင်းဖြစ်ပွားရာ၌ရှိနေသည့် မကြင်က မစုကိုဆွဲခေါ်သွားကြပြီးနောက် ချက်ချင်းပင် သာဒွန်းရွာသူကြီး ဦးကျော်စိန်ထံ သွားရောက်တိုင်တန်းခဲ့သဖြင့် တိုင်ချက်သက်သေခံ-စ ကို ရေးသားထားခဲ့သည်။ ထိုတိုင်ချက်၌ မစုကို ၎င်းတို့က အတင်းအဓမ္မဆွဲခေါ်သွားကြောင်း ဖော်ပြထားရာ မကြင်အနေဖြင့် အချိန်ယူစဉ်းစား၍ လုပ်ကြံတိုင်တန်းခဲ့ခြင်းမဟုတ်ကြောင်း အထူးရာဇဝတ်ရုံးက ရှုမြင်သုံးသပ်ခဲ့ပါသည်။

ရာဇဝတ်မှုများတွင် သက်သေများသည် စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်သည့် အကြောင်းကြောင့် သက်သေတို့၏ထွက်ချက်ကို လက်မခံရဆိုသောတားမြစ်ထားသည့် ဥပဒေမရှိကြောင်း "သက်သေတစ်ဦးဦးအား ယုံကြည်သင့်၊ မသင့်ဟူသော ပြဿနာနှင့်ပတ်သက်၍ ထိုသက်သေသည် အမှုဖြစ်ပွားပုံကို တွေ့မြင်နိုင်ရန်အကြောင်းရှိ၊ မရှိ၊ ကွယ်ထောင့်လိမ်လည်၍ထွက်ဆိုရန် အကြောင်းရှိ၊ မရှိ၊ ၎င်း၏ထွက်ချက်သည် အမှုဖြစ်အကြောင်းချင်းရာများနှင့် ဆီလျော်အပ်စပ်ခြင်းရှိ၊ မရှိဆိုသည့် အချက်အလက်များအပေါ် မူတည်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။" ယခုအမှုတွင် မစုကို တရားခံများက အတင်းအဓမ္မဆွဲခေါ်သွားကြသည်ဆိုသော မကြင်၊ မမြကြင်၊ မောင်သန်းထွန်း တို့၏ ထွက်ချက်များကို သာဒွန်းရွာသူကြီးဦးကျော်စိန်ထံ ချက်ချင်းတိုင်ကြားခဲ့သည့် မကြင်၏တိုင်ချက်နှင့် မစု၏လှည်းနောက်သို့ လိုက်ကြသည့် သာဒွန်းရွာသားများဖြစ်သည့် ဦးထွန်းဆင့်နှင့်မောင်ကံအေးတို့က ထောက်ခံထားကြသဖြင့် ၎င်းတို့သည် မစုနှင့် ဆွေမျိုးတော်စပ်ကြသော်လည်း ၎င်းတို့၏ထွက်ချက်များကို ဒွိဟရှိရန်အကြောင်း မပေါ်ပေါက်နိုင်ဟု အထူးရာဇဝတ်ခုံရုံးက ကျယ်ပြန့်စွာစိစစ်သုံးသပ်ခဲ့ပါသည်။

မောင်တင်ဦးနှင့် မောင်ကျော်ရှိန်တို့သည် မကြင်၏အိမ်အောက်သို့ရောက်လာကာ မစုကိုထုတ်ပေးရန်ပြောသည့်အပြင် ဓားမြှောင်ထုတ်၍ အိမ်ပေါ်သို့တက်ရန် ဟန်ပြင်နေကြသည်ကို မစုတွေ့မြင်ရသဖြင့် ကြောက်အားလန့်အားဖြင့် မအေးအိမ်ဘက်သို့ ဆင်းပြေးခြင်းသာဖြစ်သည်။ မူလရုံးက သုံးသပ်သော ကိုယ်ယောင်ပြသည်ဟု မဆိုနိုင်ကြောင်း၊ မစုမှာ မသွားတတ်မလာတတ်သည့် ကလေးသူငယ်တစ်ယောက်မဟုတ်သည့်အပြင် ၎င်းကိုမကြင်၏အိမ်ပေါ်၌ အခြားသို့မသွားမလာနိုင်အောင် ချုပ်ချယ်ထားခြင်းမရှိပါ။ အကယ်၍ မစုက မောင်ချစ်လှကို လာခိုးရန်ချိန်းဆိုထားပါမူ မောင်ချစ်လှနောက်သို့ အေးအေးဆေးဆေးနှင့်လိုက်သွားရန် အလွန်ပင်လွယ်ကူသောကိစ္စဖြစ်သည်။ ယခုကဲ့သို့ အမှုဖြစ်ပွားရန်အကြောင်းမရှိနိုင်ကြောင်း အထူးရာဇဝတ်ခုံရုံးက ကျိုးကြောင်းဆီလျော်စွာ ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

အချင်းဖြစ်ပွားပြီးနောက် မစုက ပေါက်တောချောင်နှင့် သောင်ကြီးရွာမှ လူကြီးများရှေ့တွင် မောင်ချစ်လှကိုချစ်ကြိုက်၍ လိုက်လာကြောင်း လက်မှတ်ထိုးခဲ့သည်မှာ မှန်သော်လည်း ထိုစဉ်က မစုသည် မောင်ချစ်လှတို့၏ လက်ခုပ်ထဲမှရေဖြစ်နေ၍ ထိုကဲ့သို့ လက်မှတ်ရေးထိုးခဲ့ရခြင်းမှာ ဖြစ်ရပ်အမှန်ကို ဖော်ပြခဲ့သည်ဟုဆိုရန်ခဲယဉ်းကြောင်း၊ မစုသည် မြောင်ရဲတပ်စခန်းသို့ ရောက်လျှင်ရောက်ချင်း ၎င်းသဘောမတူဘဲ ဆွဲခေါ်သွားခံရကြောင်း တိုင်တန်းခဲ့သည်ကိုထောက်ရှုလျှင် ခြိမ်းခြောက်မှုမှကင်းဝေးသည်နှင့်တစ်ပြိုင်နက် ဖြစ်ရပ်အမှန်ကို ထုတ်ဖော်ခဲ့ကြောင်းပေါ်လွင်နေသည်ကို စိစစ်သုံးသပ်ခဲ့ပါသည်။

မူလရုံး၏ ဆုံးဖြတ်ချက်မှာ သက်သေထွက်ချက်များအရသော်လည်းကောင်း တရားဥပဒေအရသော်လည်းကောင်း မှန်ကန်ခြင်းမရှိဘဲ ချွတ်ချော်တိမ်းစောင်းနေသဖြင့် အောက်အယူခံရုံးက ၎င်းသို့ တရားမျှတမှုမရှိဘဲ ချွတ်ချော်တိမ်းစောင်းနေသည့် အမိန့်ကိုပယ်ဖျက်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း၊ အယူခံတရားလိုတို့သည် "မင်းမဲ့တိုင်းပြည်ပမာ နိုင်ထက်စီးနင်း ပြုကျင့်ကြသည့်အပြင် ယဉ်ကျေးသောလူသားတို့စောင့်ထိန်းအပ်သည့် လူ့ကျင့်ဝတ်ကိုလည်း ဖောက်ဖျက်ခဲ့ကြ၍ ၎င်းတို့အပေါ် အောက်အယူခံရုံးက ချမှတ်ခဲ့သော အပြစ်ဒဏ်တို့ကို သက်ညှာရန်အကြောင်းမရှိကြောင်း" သုံးသပ်၍ ဤအထူးရာဇဝတ်အယူခံမှုကို ခွင့်ပြုရန်အကြောင်းမမြင်သဖြင့် ပလပ်လိုက်ပါသည်။ မောင်ချစ်လှပါ ၆ ထောင်ကျအကျဉ်းသားများ စံပြအချုပ်ထောင် မန္တလေးမြို့ (အထူးအယူခံတရားလိုများ)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ (အယူခံတရားခံ) ၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်အယူခံမှုအမှတ်-၂ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်အတွင်း ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လက ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူ တစ်ရက်လျှင်ပိဿာချိန် ၄၀၀ ထိသာအရောင်းအဝယ်ရှိခဲ့ပြီး ဩဂုတ်လပထမပတ်မှ ယနေ့ထိ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၆၅၀ ထိ အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"ကြက်သွန်အဖြူက ဒီလ ပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိမှာ မအူပင်မြို့နယ်ကို ရှမ်းပြည်နယ်ကနေထွက်တဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်။ လက်ရှိမှာ ကြက်သွန်ဖြူ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ ကနေ ၁၁၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ ထိ ဝင်ရောက်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ စိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ရှမ်းကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကိုင်းကျေးရွာအုပ်စု ရှမ်းကိုင်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရှမ်းကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှမ်းကိုင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၃၄ ဒသမ၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် လေးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ဒသမ ၆သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

**နွဲ့ယဉ်**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၉၆၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၉၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲစင်းငုံ ၂၀၇၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ရွက်ဖြန်းမြေသြဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန် ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားသုံးစွဲခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်လာမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)



# ဟိုပုံးမြို့နယ် တဖူးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဟိုပုံး ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါင်လင်းကျေးရွာအုပ်စု တဖူးကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က တဖူးကိုင်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်၍ အဆိုပါစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ငါးကုန်းမြို့နယ် ညောင်ပင်ဘိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ငါးကုန်း ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ငါးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဘိုကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ငါးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်ဘိုကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ငါးကုန်းမြို့နယ် ညောင်ပင်ဘိုကျေးရွာ၌ တွင်းအကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ပေ ၂၄၀၀ စင်မြင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၃၆ ဒသမ ၁၇၅ သန်းဖြင့် ပျူတိုင်းရင်းသားများ ကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇွန် ၁၅ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငါးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

**ကိုညို**

# အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံး



**ဝါရှင်တန် ဩဂုတ် ၂၀**

အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် လူနှစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကွန်နက်တီကတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်ကြီးများလဲကျပြီး ဓာတ်တိုင်များလည်း လဲကျခဲ့ကာ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဧရိယာမှာ ကွန်နက်တီကတ်ပြည်နယ် အနောက်ဘက်ပိုင်း ဧရိယာများဖြစ်ပြီး အော့စဖို့ဒ်မြို့တွင် အဓိကနေရာများ၌ ရေလွှမ်းနေကြောင်း၊ သေဆုံးသူနှစ်ဦးမှာ အမျိုးသမီးများဖြစ်ပြီး ရေလွှမ်းနေသည့်ဧရိယာကို မော်တော်ယာဉ်ဖြင့် ဖြတ်မောင်းစဉ် ယာဉ်မတော်တဆဖြစ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကွန်နက်တီကတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုက အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ ရေကြီးရေလျှံမှုကြောင့် အမျိုးသမီးနှစ်ယောက် သေဆုံးခဲ့တယ်။ အသက် ၆၅ နှစ်အရွယ် အီသီလင်းနဲ့ အသက် ၇၁ နှစ်အရွယ် ရော့ကော့စကီတို့ ဖြစ်ပါတယ်"ဟု ကွန်နက်တီကတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကွန်နက်တီကတ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ကွန်နက်တီကတ်ပြည်နယ်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပြီး ပြည်နယ်အစိုးရကလည်း ဖက်ဒရယ်အစိုးရထံသို့ တင်ပြကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ ကူညီပံ့ပိုးပေးသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းထုတ်ပြန်သွားခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများကလည်း ရေဘေးဒဏ်သင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး သေဆုံးမှုဖြစ်စဉ်မျိုး ထပ်မံမဖြစ်စေရေး အလေးထား ဆောင်ရွက်ပေးနေကြောင်း၊ ကယ်ဆယ်ရေးအတွက် စနစ်တကျလေ့ကျင့်ပေးထားသော ခွေးများနှင့် Drone များကိုအသုံးပြု၍ ရေဘေးဒဏ်သင့်ဧရိယာများကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ရှိမေးနီးယားနိုင်ငံတွင် မိုးခေါင်မှုကြောင့် လယ်ယာမြေပျက်စီးမှုများဖြစ်ပေါ်လျက်ရှိ

**ဘူခါရက်စ် ဩဂုတ် ၂၀**

ရိုမေးနီးယားနိုင်ငံတွင် မိုးခေါင်ရေရှားမှု အခြေအနေများကြောင့် လယ်ယာမြေပျက်စီးမှုများဖြစ်ပေါ်လျက်ရှိရာ လယ်သမားများအနေဖြင့် စိုးရိမ်မှုမြင့်တက်လျက်ရှိကြောင်း ရိုမေးနီးယားစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရိုမေးနီးယားနိုင်ငံတွင် ယခုနှစ်အတွင်း ကာလရှည်မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားရလျက်ရှိရာ လယ်ယာမြေများ၌ မြေဆီလွှာခန်းခြောက်၍ ပျက်စီးမှုများဖြင့်ကြုံတွေ့နေရပြီး မြေဆီလွှာအရည်အသွေး ကျဆင်းလျက်ရှိသဖြင့် လယ်သမားများအနေဖြင့် လာမည့် ဆောင်းဦးသီးနှံများ စိုက်ပျိုးနိုင်ခြင်း မရှိနိုင်တော့သည့်အပေါ်တွင် စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

"မိုးခေါင်ရေရှားမှုကြောင့် မြေဆီလွှာတွေအက်ကွဲနေပြီး ရေတိုကာလအတွက်သာမက လာမဲ့နှစ်အတွက် ရေရှည်ကာလမှာလဲ စိုက်ပျိုးရေးလုပ်ငန်းတွေ အခက်အခဲဖြစ်ပေါ်မဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်"ဟု ရိုမေးနီးယား စိုက်ပျိုးရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



လယ်သမားများအနေဖြင့် သီးနှံပျက်စီးမှုများကြောင့် သိသိသာသာ ငွေကြေးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးဝန်ကြီးဌာနမှ ချေးငွေရရှိရေး တောင်းဆိုမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရိုမေးနီးယားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ လယ်ယာမြေ တစ်ဟေက်တာလျှင် ယူရို ၂၀၀ အကူအညီပေးရန် သတင်းထုတ်ပြန်ထားသော်လည်း လယ်သမားများလက်တွင်းသို့ ရောက်ရှိခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# အာဂျင်တီးနားနိုင်ငံ ချာကိုစီရင်စုတွင် သစ်တောပြုန်းတီးမှုလျှော့ချရေးအတွက် စီမံချက်များဖြင့်ဆောင်ရွက်သွားရန် အာဂျင်တီးနားတရားရုံးချုပ်က ထုတ်ပြန်

**ဗျူနိုစ်အေရိစ် ဩဂုတ် ၂၀**

အာဂျင်တီးနားနိုင်ငံ ချာကိုစီရင်စုတွင် သစ်တောပြုန်းတီးမှုလျှော့ချရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားရန် အာဂျင်တီးနားတရားရုံးချုပ်က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ချာကိုစီရင်စုမြောက်ဘက်ပိုင်းရှိသစ်တောများအတွင်း မည်သည့်အကြောင်းကိစ္စရပ်များကြောင့်မှ လှုပ်ရှားသွားလာခြင်းမပြုရန်နှင့် သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက် ပြည်သူများကို သစ်တောကြိုးဝိုင်းအတွင်း ဖြတ်သန်းသွားလာခွင့်ကို သုံးလထိ ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်းများအတွင်း ဖြတ်သန်းသွားလာခွင့်ပြုပါက တရားမဝင်လုပ်ငန်းများဆောင်ရွက်လာနိုင်သည့်အတွက်ကြောင့် သစ်တောကြိုးဝိုင်းများအတွင်း ဖြတ်သန်းသွားလာခွင့်ကို ပိတ်ပင်ခဲ့ခြင်းလည်းဖြစ်ကြောင်း အာဂျင်တီးနားတရားရုံးချုပ်က ထုတ်ပြန်သွားခဲ့သည်။

"ချာကိုစီရင်စုမှာ သစ်တောကြိုးဝိုင်းပြုန်းတီးမှု လျှော့ချရေးအတွက် စီမံချက်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် သစ်တောကြိုးဝိုင်းတွေအတွင်း ဖြတ်သန်းသွားလာခွင့်ကို သုံးလထိ ပိတ်ပင်သွားမှာဖြစ်ပါတယ်။ ဖြတ်သန်းခွင့်ပြုမယ်ဆိုရင် တရားမဝင်လုပ်ငန်းတွေ ဆောင်ရွက်လာနိုင်တဲ့အတွက် ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ခဲ့တာဖြစ်ပါတယ်"ဟု အာဂျင်တီးနား တရားရုံးချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သစ်တောကြိုးဝိုင်း စတုရန်းကီလိုမီတာ ၁၀၀၀၀၀ ကျော်ထိ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း Argentine Association of Environmental Lawyers (AAdeAA) က ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဘင်္ဂလားဒေ့ရှ်တွင် အထည်အလိပ်စက်ရုံများအနီး ရေအရင်းအမြစ်၌ ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**ဒါကာ ဩဂုတ် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်အလိပ်ထုတ်လုပ်ရေးစက်ရုံများအနီးရှိ ရေအရင်းအမြစ်များ၌ PFAS ခေါ် အဆိပ်သင့် ထာဝရဓာတုပစ္စည်းများ ပျော်ဝင်နေသဖြင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

PFAS ဒြပ်ပေါင်းများသည် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်သည့်တိုင် ပြိုကွဲမသွားဘဲ ပတ်ဝန်းကျင်တွင် တည်ရှိနေနိုင်သောကြောင့် ၎င်းတို့ကို အဆိပ်သင့် ထာဝရဓာတုပစ္စည်းများဟု ခေါ်ခြင်းဖြစ်ကြောင်း၊ PFASများကို အဝတ်အထည်နှင့် လူ့အသုံးအဆောင်များတွင် တွေ့ရှိနိုင်ကြောင်း သိရသည်။

“ဘင်္ဂလားဒေ့ရှ်က နိုင်ငံတကာ အထည်အလိပ်တွေ ထုတ်လုပ်ရာရဲ့ အဓိကအချက်အချာနေရာဖြစ်ပါတယ်။ အဲဒီအထည်အလိပ်ထုတ်လုပ်မှုကနေ အဆိပ်သင့်ထာဝရဓာတုပစ္စည်းတွေ ထုတ်လွှတ်မှုဖြစ်ပြီး ရေထုအတွင်း ပျော်ဝင်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေထုညစ်ညမ်းမှုက ရေအရင်းအမြစ်တွေအနီး နေထိုင်သူတွေရဲ့ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေကို မြင့်မားစေနိုင်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ Siddika Sultana က ပြောကြားခဲ့သည်။

သုတေသီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်အလိပ်ထုတ်လုပ်ရေးစက်ရုံများအနီးရှိ မြစ်၊ချောင်း၊အင်းအိုင်များထဲကို စက်ရုံမှစွန့်ပစ်လိုက်သော အညစ်အကြေးများပျော်ဝင်နေသည့်ရေနမူနာများကို သုတေသနပြု လေ့လာစစ်ဆေးခဲ့ရာ ဥရောပက သတ်မှတ်ထားသော ညစ်ညမ်းမှုကန့်သတ်ချက်များကို ကျော်လွန်နေသည့်အပြင် အဆိုပါစက်ရုံများ၏ ရေထုညစ်ညမ်းမှုကို ဖြစ်စေသော စွန့်ပစ်ပစ္စည်းများတွင် PFAS ပါဝင်မှု သက်သေအထောက်အထားများကို တွေ့ရှိခဲ့သည်။

PFAS သည် ကင်ဆာ၊ မျိုးပွားမှုဆိုင်ရာပြဿနာများနှင့် အခြားသော ကျန်းမာရေးပြဿနာများစွာဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိရသဖြင့် ရေထုအတွင်း PFASပါဝင်နေမှုကို ထိန်းညှိခြင်းပြုလုပ်သင့်ကြောင်း Siddika Sultana က ပြောကြားသည်။

**Ref : Sputnik News**
**Trs : KZ**

# ဗီယက်နမ်နိုင်ငံရှိ ရေလွှမ်းမိုးခဲ့သောဒေသများတွင် ကလေးငယ်များ ကျောင်းပြန်တက်ရေး အခက်အခဲများဖြင့် ရင်ဆိုင်နေရ

**ဟနွိုင်း ဩဂုတ် ၂၀**

ဗီယက်နမ်နိုင်ငံရှိ ရေဘေးသင့်ဒေသများတွင် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သဖြင့် မကြာမီ ကျောင်းပြန်ဖွင့်တော့မည်ဖြစ်ရာ ကလေးငယ်များ ကျောင်းပြန်တက်ရေး အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း Save the Children အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် ဇူလိုင်လအတွင်း တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ စာသင်ကျောင်း ၂၉ကျောင်း၊ အိမ်ခြေ ၂၆၇၀ ကျော် ပျက်စီးခဲ့ပြီး အနည်းဆုံးလူ ၁၁ ဦးသေဆုံးကာ လူ ၁ ဒသမ ၃ သန်းခန့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ကျောင်းသွားတဲ့လမ်းတွေမှာ မြေပြိုတာတွေ၊ တံတားကျိုးတာတွေရှိလို့ ကျောင်းသားကလေးတွေ ကျောင်းတက်ဖို့ ဖြတ်ကူးရမှာဖြစ်တဲ့အတွက် လုံခြုံရေးအရ စိတ်ပူမိပါတယ်။ စာသင်နှစ်မစခင် အဲဒီလုပ်ငန်းတွေ ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ဖို့တော့ မျှော်လင့်ပါတယ်"ဟု ဆွန်လာပြည်နယ် မိုင်ဆောင်ခရိုင် ကျောင်းအုပ်ကြီး ဟာခေါင်မင်က ပြောကြားခဲ့သည်။

လာမည့် စက်တင်ဘာ ၅ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ မုန်တိုင်းကြောင့် ထိခိုက်မှုအများဆုံးဖြစ်ပေါ်ခဲ့သည့် ဆွန်လာပြည်နယ် ကျေးလက်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တံတားများကျိုးကျခြင်း၊ လမ်းများပျက်စီးခြင်းတို့ကြောင့် ကျောင်းသို့သွားလာရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး မလုံခြုံမှုများ ဖြစ်ပေါ်နိုင်ခြင်းအပေါ် ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများက စိုးရိမ်မှုမြင့်တက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# မိန်းမတို့ဘုန်းဆံထုံး

ကိုဇော်ဌေး(ယဉ်ကျေးမှု)



'ဘုန်း'ဟူသည် ရေးကောင်းမှု၊ အတိတ်ကာလ ကောင်းမှု၏ အကျိုးဆက်၊ တန်ခိုး၊ အရှိန်အဝါဟူ၍ မြန်မာအဘိဓာန်ကဖွင့်ဆိုသည်။ ဆဝိကလျာဏ၊ ဝယကလျာဏ၊ မံသကလျာဏ၊ အဋ္ဌိကလျာဏ၊ ကေသကလျာဏဟူသည့်မိန်းမကောင်းလက္ခဏာ (ကောင်းခြင်း) ငါးဖြာတို့သည်လည်း အတိတ်ကာလ ကောင်းမှု၏ အကျိုးဆက်ကြောင့် 'ဘုန်းကံ' သဖွယ် အကျိုးဆက်ရနေခြင်းပင်ဖြစ်သည်။ ကေသကလျာဏ ဟူသည့် ဆံပင်၏ကောင်းခြင်းကိုပင် မိန်းမတို့ဘုန်း ဆံထုံးဟု ထပ်မံချီးမွမ်းကြသည်။ ဆံရှည်ထားရှိသူ အမျိုးသမီးတို့ကို အလေးအမြတ်ပြုမိလာရင်းဆံထုံး ထုံးဖွဲ့မှုနောက်သို့ လိုက်ပါစီးမျောမိတော့သည်။

မြန်မာလူမျိုးတို့သည်ဆံပင်ကိုအမြတ်တနိုးထား၍အမျိုးမျိုးထုံးဖွဲ့လေ့ရှိကြသည်။ ဆံပင်ထုံးဖွဲ့ပုံများ သည်ထုံးဖွဲ့သူတို့၏အသက်အရွယ်ကိုလိုက်၍ကွဲပြား ခြားနားသည်။ မြန်မာ့ရိုးရာအစဉ်အလာတွင်မွေးဖွား ပြီးနောက် ခုနစ်ရက်ပြည့်သောကလေးကိုခေါင်းဆေး ၍ ခေါင်းတုံးတုံးပေးကြသည်။ ကလေးကိုကာလအ တော်ကြာသည်အထိခေါင်းတုံးနှင့်ထားရှိပြီးနောက် မှခေါင်းထိပ်တည့်တည့်တွင် ဦးစွန်းဖုတ်ထားပေးကြ သည်။ ဦးစွန်းဖုတ်နေရာမှလွဲ၍ ကျန်ဦးခေါင်းပတ် ပတ်လည်၌ဆံပင်ကိုရိတ်ထားသည်။ ဦးစွန်းဖုတ်မှ ဆံပင်များကိုသာ နှစ်လက်မခန့်ထိ အရှည်ထား၍ ရှေ့သို့ဖြီးချပေးကြသည်။ အချို့ကလေးများကို နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်၌နားပန်ဆံထားပေး သည်။ ထားပေးနည်းမှာ ဦးခေါင်းဘေးတစ်ဖက်တစ် ချက်၌ ဦးစွန်းဖုတ်ကဲ့သို့ပင် ဆံပင်ကွက်၍ထားခြင်း ဖြစ်သည်။ ထိုမှတစ်ဖန် ခေါင်းတုံးတုံးပြီးလျှင်ကြာ ကွက်ထားပေးသည်။ ကြာကွက်ဟူသည် နဖူးဆံစမှ ဦးခေါင်းပတ်ပတ်လည် စက်ဝိုင်းသဏ္ဌာန်ရစ်ထား သောအကွက်ကြီးဖြစ်သည်။ ၎င်းကြာကွက်မှဆံပင် ကို အရှည်ခံလျက်ကျန်နေရာများကို ဆံရိတ်အမြဲရိတ် ရသည်။ နားပန်းဆံမထားသောကလေးများ၌ ဦးစွန်း ဖုတ်နေရာကိုချဲ့ချဲ့ပေးခြင်းဖြင့် ကြာကွက်ဖြစ်လာ သည်။ အများအားဖြင့်ခေါင်းတုံးမှကြာကွက်အဖြစ် ထားရှိသည်ကများသည်။

အသက်၄နှစ်မှ၁ဝနှစ်အရွယ်အတွင်းယောကျ်ား လေးများနှင့်မိန်းကလေးများသည် ကြက်တောင် စည်းနှင့်ဆံရစ်ဝိုင်းထားသည်။ ကြာကွက်မှဆံပင်များ သည်စု၍ စည်းနိုင်လောက်သောအခါအလယ်တွင် ပန်းစည်းကြိုးနှင့်စုစည်းပြီးနောက်တစ်လက်မခွဲခန့် ရှိ ဆံရစ်များကို အောက်သို့ပတ်ပတ်လည်ချထား သည်။ အလယ်မှဆံပင်များသည်အတော်အတန်ရှည် လာသော်တစ်ပတ်လျှိုယောင်ထုံးများထုံးကြသည်။ တစ်ပတ်လျှိုဟူသည် ဆံပင်ကိုကွင်းသဏ္ဌာန်တစ်ပတ် ရစ်ပြီးလျှင် ထိုကွင်းထဲမှလျှို၍ ဆံပင်စကိုဆွဲထုတ် လိုက်ခြင်းဖြစ်သည်။ နှစ်ပတ်လျှိုမှာမူရေးနည်းတူ တစ်ပတ်ရစ်ထားသောကွင်းသဏ္ဌာန်ကိုထပ်၍ တစ် ပတ်လိမ်ပြီးမှ ဆံပင်ကို လျှိုသွင်းပြီးလျှင် လိမ်ထား သောနေရာကိုတွန်း၍ ဆံစကိုထုတ်လိုက်ခြင်းဖြစ် သည်။ ဆံပင်တိုနေသေးပါကအထုံးမှထွက်နေသော ဆံမြိတ်ကိုဖားလျားချထားသည်။ ဆံမြိတ်ရှည်လာပါ က လိမ်ကျစ်၍ အထုံးပတ်လည်တွင် ဒေါင်လိုက် ချပ်ပြားဝိုင်းဖြစ်လာသည်ထိ ရစ်ပတ်ထားသည်။ ၎င်း ကို 'မြင်းခွာယောင်'ဟုခေါ်သည်။

မိန်းကလေးများသည် ၁ဝ နှစ်မှ ၁၆နှစ်၊ ၁၈ နှစ် ခန့်အရွယ်သို့ရောက်သော် နဖူးရှေ့မှဆံရစ်များကို ရှိမြဲတိုင်းထား၍ ကျန်ဆံရစ်ဝိုင်းမှ ဆံပင်များကို အရှည်ထားကြသည်။ နားရွက်စွန်းနှင့်တစ်ညီတည်း ဖြစ်လာအောင်ညှိပေးသည်။ ၎င်းကိုဆံတောက်ဟုခေါ် သည်။ အချို့ဒေသတို့တွင် ဆံတောက်ကို 'ဆံလေးတို' ဟု ခေါ်ကြသည်။ အလယ်မှာမူရေးနည်းတူပင်မြင်း ခွာဆံထုံးထုံးသည်။

အချို့က နှစ်ပတ်လျှိုထုံး၍ ဆံမြိတ်ကို အကုန် မထုတ်ဘဲ ကွင်းသဏ္ဌာန်လုပ်၍ချထားသည်။ နှစ်ပတ် လျှိုဆံမြိတ်ကွင်းဟုခေါ်သည်။ အချို့ကမူ တစ်ပတ် လျှိုထုံး၍ ဆံမြိတ်ဖားလျားချသည်။ ဆံတောက်တွင် နောက်ဘက်မှတို၍ ရှေ့ဘက်သို့ရှည်လျက်ရှူးလာ လျှင် ၎င်းကို ရှိုးရှိုးဆံတောက်ဟုခေါ်သည်။ ပတ်ပတ် လည်တစ်ညီတည်းထားလျှင် မြို့မဆံတောက် ဟုခေါ်သည်။

အသက် ၁၈ နှစ်ခန့်ရောက်လျှင်ဆံတောက် မှဆံပင်များကို အရှည်ခံသည်။ ယင်းကိုအုပ်လုံးသွင်း သည်ဟုခေါ်သည်။ ထို့နောက် ဆံပင်ရှည်ကို ကုပ်နားတွင် တစ်ပတ်လျှိုထုံး၍ ရစ်ပတ်ထားသည်။ ၎င်းကို နောက်တွဲဟုခေါ်သည်။ ဆံတောက်မှဆံပင် များကို ဆံညှပ်၊ ဘီးကုပ်တို့ဖြင့် ဖိညှပ်ထားသည်။ ထို ဆံပင်များအတန်ငယ်ရှည်လာသော် တစ်ခေါင်းလုံးရှိ ဆံပင်ကို အပေါ်သို့ပင့်တင်၍ တစ်ပတ်လျှိုထုံးပြီး နောက်ဆံမြိတ်ဖားလျားချကြသည်။ ဤကဲ့သို့သော ထုံးဖွဲ့နည်းကို တစ်ပတ်လျှိုဆံထုံးဟုခေါ်သည်။ ၁၉၂ဝ ပြည့်နှစ်ခန့်တွင် တစ်ပတ်လျှိုဆံထုံးများကို အထုံးနည်းပါးလာသည်။ နောက်တွဲထုံးကိုသာ အထုံးများသည်။

အသက်၁၈နှစ်မှ၃ဝကျော်အထိအမျိုးသမီးများ သည်အလှူအတန်း၊ပွဲနေပွဲထိုင်များ၌ ဆံထုံးကိုထုံး ကြသည်။ ၎င်းဆံထုံးများမှာရတနာပုံမန္တလေးခေတ် ကခေတ်စားခဲ့သော ဘီးဆံပတ်ထုံးကိုမူတည်၍ ပြောင်းလဲပြုပြင်ထားခြင်းဖြစ်သည်။ ဘီးဆံပတ်ထုံး မှာဦးခေါင်းထိပ်တွင် ဆံပင်ကိုပင့်တင်၍ ဘီး တစ်ချောင်းခံပြီးနောက် ဆံပင်ကိုနဖူးပြင်အစွန်း နှစ်ဖက်နှင့်အမျှ အထပ်ထပ်ခွေထားခြင်းဖြစ်သည်။ ထိုဆံထုံးမှတစ်ဆင့် ဘီးအငယ်ကလေးများနှင့်ဆံထုံး ခံတစ်ခုကိုမြုပ်ခံ၍ ဆံစုတို့ဖြင့်ရစ်ပတ်ကာထုံးရသော ဆံထုံးတစ်မျိုးဖြစ်သည်။ ပုံစံမှာ ဘီးဆံပတ်ဆံထုံး ထက်အောက်ခြေတွင်သိမ်၍ ထိပ်ဝ၌ကားလေသည်။ ဆံထုံးတွင်ဆံထိုး၊ ဆံညှပ်၊ ဆံကျင်တို့ကို စိန်ရွှေ ကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ဆင်ယင်၍ ပန်း ကုံးပန်းခိုင်တို့ကိုလည်းပန်ဆင်လေသည်။ အမျိုးသမီး ငယ်များသည် များသောအားဖြင့် ဆံထုံးညာဘက်မှ ဆံမြိတ်ဖားလျားချလေ့ရှိသည်။ အမျိုးသမီးကြီးများ သည် ဆံမြိတ်ချမသုံးဘဲဆံထုံးကိုသာ ကြီးကြီးခန့်ခန့် ထုံးကြသည်။ ဆံထုံးပုံစံသည် တသမတ်တည်းမရှိချေ။ ၁၉၂၉ခုနှစ်ခန့်မှစ၍ဆံထုံးကြီးများသည်တစ်စတစ်စ နှင့် ကြီးထွားမြင့်မားလာခဲ့ရာထိုခေတ်က ကာတွန်း ရုပ်ပြောင်ဆရာများသည် ဆံထုံးကြီးများကိုလှောင်ပြောင်ကား ထောင်၍ တက်ရမည့်အခြေမျိုး ရောက်လေဟန် ပြောင်လှောင်ရေးဆွဲခဲ့ကြဖူးသည်။ ဒုတိယကမ္ဘာစစ် ကြီးမဖြစ်မီနှစ်အနည်းငယ်ခန့်မှစ၍ ဆံထုံးမြင့်မြင့် ထုံးသောဓလေ့သည် တဖြည်းဖြည်းတိမ်ကောသွား သည်။ ထို့နောက် ဆံထုံးကိုမနိမ့်မမြင့်မကြီးမငယ်လုံး လုံးကလေးထုံးလာကြသည်။ ဆံမြိတ်ချကိုလည်း အရှည်၊ အတို၊ အကွင်းဟူ၍ အမျိုးမျိုးထွင်ကြသည်။ ပွဲလမ်းမသွားသည့်အခါများ၌မူ နောက်တွဲထုံး၊ ဘီး ကျော်ပတ်တို့နှင့်သာ နေကြသည်။

ဘီးကျော်ပတ်ဆိုသည်မှာ ကုပ်အထက်၌ ဘီး တစ်ချောင်းစိုက်၍ ဆံပင်ကိုဘီးပေါ်မှကျော်လျက် ရစ်ပတ်ထားခြင်းဖြစ်သည်။ ဘီးကိုအရှည်အတိုအမျိုး မျိုးပြောင်းလဲ၍ အသုံးပြု သည်။ ရစ်ပတ်နည်းကို လည်း အနည်းနည်းအဖုံဖုံထွင်ကြသည်။ လေယာဉ်ပျံ ဆံထုံးဟူ၍လည်း ခေတ်စားခြင်းရှိခဲ့ဖူးသည်။ ၎င်း သည် ဘီးကျော်ပတ်တစ်မျိုးပင်ဖြစ်သည်။ ဘီးရှည် လွန်းသဖြင့် အစွန်းနှစ်ဘက် ထွက်နေသည်မှာ လေယာဉ်ပျံတောင်ပံနှင့်တူသောကြောင့် လေယာဉ်ပျံ ဆံထုံးဟု ခေါ်ခြင်းဖြစ်သည်။

ဆံထုံးထုံးသောအလေ့သည် ရှေးယခင်ကပင်ရှိခဲ့ သည်။ မြန်မာ့ယဉ်ကျေးမှုအစ တကောင်းခေတ်က သတိုးနဂါးနိုင်မင်း၏ မိဖုရားကြီးသည် "ရာပေး၍ ဆုပ်၊ ထောင်ပေးလို့ချုပ်၊ချစ်သူအရိုးဆံထုံးလုပ်" ဟူ၍ စကားထာဝှက်ခဲ့ရာ ယင်းကိုထောက်ရှု၍ ထိုခေတ်က ဆံထုံးထုံးခြင်း၊ ဆံထုံး၌ဆံထိုး၊ ဆံညှပ်များတပ်ဆင် ခြင်းစသည်တို့ကိုသိရှိနိုင်လေသည်။ သာသနာနှစ် ၆ဝ မှ ၆ဝဝ အတွင်း သရေခေတ္တရာပျူများခေတ်တွင် နန်းတွင်းသူများသည် ဆံပင်ကိုထိပ်အလယ်တည့် တည့်တွင်တင်၍ ခပ်ဝိုင်းဝိုင်းဖြစ်အောင်အရစ်ရစ် ပတ်ထားသောဆံထုံးကိုထုံး၍၊ ပုလဲသွယ်ငွေထည် ပန်းကုံးစသည်တို့ဖြင့် ဆင်ယင်ထားကြောင်းရှေး ဟောင်းကျောက်ပြားချပ်များမှ ပုံများတွင် တွေ့ရ သည်။ ၎င်းကို ချင်မင်းဆက်တရုတ်မှတ်တမ်းများ တွင်လည်း ဖတ်ရှုရသည်။

ပုဂံခေတ်တွင်ဆံထုံးအမျိုးပေါင်း ၅၅ မျိုးရှိခဲ့ ကြောင်းကို အမျိုးသမီးစာဆိုတော် ရဝေရှင်ထွေး၏ အန်ချင်းအရ သိရသည်။ အင်းဝခေတ်မှာပင် ဗျာပါ ဆံချသောအလေ့ပေါ်လာသည်။ ဗျာပါဆံမှာဆံထုံး အကြားမှ နားရွက်နှစ်ဖက်အစွန်းနောက်သို့ချထား သောဆံပင်များဖြစ်သည်။ အမရပူရ၊ ကုန်းဘောင်၊ မန္တလေးခေတ်တို့တိုင်အောင်ဗျာပါဆံချသောအလေ့ ရှိခဲ့သည်။ အမရပူရခေတ်တွင်ဆံထုံးနောက်တွဲထုံး သည်ကိုလည်း တွေ့ရသည်။ ဝန်ကတော်တစ်ဦး၏ ပုံတွင်တွေ့ရသော ဆံထုံးမှာထိပ်လယ်တွင်ရှည်မျော မျောကွင်းသဏ္ဌာန်ဖြစ်သည်။ အတွင်းဝန်ကတော် တစ်ဦးမှာကားဦးထိပ်၌ ဆံထုံးပွံ့ပွံ့နှင့်ဗျာပါဆံချထား သည်ကို တွေ့ရသည်။ ထိုခေတ်တွင် မင်းခမ်းဝင်ဆံထုံး တော် ခုနစ်ပါးအဖြစ် "မြိတ်ပြူ၊ မြိတ်စို့၊ မြိတ်လွတ်၊ စုလည်း၊ ယကင်၊ လုံးတင်၊ မြိတ်ရစ်"ဟူ၍သတ်မှတ် ထားသည်။ကုန်းဘောင်ခေတ်တွင်ဆံထုံးခုနစ်မျိုးကို ပင်ဆက်လက်ထားရှိခဲ့သည်။ ထို့အပြင် 'ပူပုံထုံး'ဟူ သောဆံထုံးတစ်မျိုးခေတ်စားလာပြန်သည်။ စတင် ထုံးဖွဲ့သူမှာ ရွှေဘိုမင်း၏ အနောက်နန်းမိဖုရား မမြကလေးဖြစ်သည်။ မန္တလေးခေတ်တွင်ဗျာပါဆံနှင့် ဆံထုံးများ ခေတ်စားလာသည်။ ဘီးဆံပတ်ဘီးဆံ ထုံးကြီးများကို ယင်းခေတ်၌ စတင်တွေ့ရသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းယူပြီးနောက် တွင် မြန်မာတို့၏ အစဉ်အလာဆံပင်ထုံးဖွဲ့နည်း အမျိုးမျိုးသည် တစ်စတစ်စနှင့်မှေးမှိန်ခဲ့ကြသည်။ ကြာကွက်ဆံရစ်ဝိုင်းဆံတောက် စသည်တို့ကို ကျေးလက်တောရွာများ၌သာ တွေ့မြင်နိုင်တော့ သည်။ ဆံထုံးကိုမူ မင်္ဂလာဆောင်အခမ်းအနားများ နှင့်ယဉ်ကျေးမှုကို ဖော်ထုတ်သော ပွဲလမ်းသဘင်များ ၌သာထုံးဖွဲ့ကြတော့သည်။ ထိုသို့ထုံးဖွဲ့ချိန်ကိုပင် အစဉ်အလာကို ရို့ကျိုးနေသေးသည်အတွက် ချီးကျူး ပါသည်။ ခေတ်၏အခြေအနေအရလူတို့၏ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုတို့မှာလည်းရွေ့လျားနေမည်ဟုနား လည်ပေးမိသည်။ ရွေ့လျားနေလင့်ကစားမိန်းမတို့ ဘုန်းဆံထုံးဟူသည် ရှေးဟောင်းယဉ်ကျေးမှုဓလေ့ ကိုမူ မမေ့သင့်။

ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးတို့သိက္ခာ ရှိရှိ အလေးအမြတ်ပြုသည့် ဆံထုံးထုံးနည်းတို့ကို လည်းမပစ်ပယ်သင့်ပေ။ တစ်ဖန်ဒီဇိုင်းခေတ်ရောက် လာပြန်သဖြင့် အလှခြယ်ပြင်ဆင်ထုံးဖွဲ့သူဆရာတို့ က လည်းဒီဇိုင်းနောက်လိုက်ရင်းမူလယဉ်ကျေးမှုကို မထိခိုက်သင့်။ မူလယဉ်ကျေးမှုအပြင် တစ်ဆင့် ပြောင်းလဲလာမှုများကိုလက်ခံခြား အမှတ်မှား၊ အမြင် မှားနားလည်မှုအမှားများကို နောင်မျိုးဆက်တို့ ဝေဝါးမှုဖြစ် မကျန်ရစ်စေရန် သတိကြီးကြီးထားကာ အလေးမူသင့်သည်။

တစ်ဖန် ခေတ်၏ရွေ့လျားထုံးဖွဲ့နည်းများကို လည်းနောင်လာမျိုးဆက်တို့အထောက်အကူပြုနိုင် ရန် မှတ်တမ်းပြုထားခဲ့သင့်သည်။ သို့မှသာ မိန်းမတို့ ဘုန်းဆံထုံးဟူသည့်စကားလုံးကို ဆက်လက်သယ် ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

**❖ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးတို့သိက္ခာရှိရှိ အလေး အမြတ်ပြုသည့် ဆံထုံးထုံးနည်းတို့ကိုလည်း မပစ်ပယ်သင့်။ တစ်ဖန် ဒီဇိုင်းခေတ်ရောက်လာပြန်သဖြင့် အလှခြယ်ပြင်ဆင်ထုံးဖွဲ့သူဆရာတို့ ကလည်း ဒီဇိုင်းနောက်လိုက်ရင်းမူလယဉ်ကျေးမှုကို မထိခိုက်သင့်။ မူလယဉ်ကျေးမှုအပြင် တစ်ဆင့်ပြောင်းလဲလာမှုများကို လက်ခံခြား အမှတ်မှား၊ အမြင်မှားနားလည်မှုအမှားများကို နောင်မျိုးဆက်တို့ဝေဝါး မှုဖြစ်မကျန်ရစ်စေရန် သတိကြီးကြီးထားကာ အလေးမူသင့်သည်။❖**

**ကိုးကား**

၁။ မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု (စောမုံညင်း)

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (ဃ) **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (င) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (စ) **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဆ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဇ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ဈ) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ရှေ့ဝတီခန်းမ။ |
| (ည) **မုံရွာမြို့** | အထက(၂)၊ အလုံတပ်မြို့။ |
| (ဋ) **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဌ) **တောင်ငူမြို့** | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အကွက် (၉၀၀)နေ ဦးတင်ညွန့် (၈/မမန(နိုင်)၀၅၄၈၁၅)- ဒေါ်သန်းကြည် (၈/မမန(နိုင်)၀၅၃၈၉၄)တို့၏သားဖြစ်သူ **မောင်မျိုးသီဟ (၉/မဟာမ(နိုင်)၀၆၁၆၇၁)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ ကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးတင်ညွန့်-ဒေါ်သန်းကြည်**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ အကွက် (၄၇၈)၊ တမ္ပဝတီ၊ ငွေဇင်ရပ်နေ မကြည်ဖြိုးနွယ် (ဘ) ဦးတင်စိုး (၉/ခမစ(နိုင်)၀၅၃၀၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၁၂၆၈၀


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)


**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံး**

**၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်**

**(၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်)**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ရုံးအကူရာထူး ၁ နေရာအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (၁)နေရာ

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(၃) ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။

(၄) ၂၈-၈-၂၀၂၄ ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်အထက် ကျော်လွန်သူမဖြစ်ရ။

(၅) တက္ကသိုလ်တစ်ခုခုမှ အသိအမှတ်ပြုဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(၆) ကွန်ပျူတာအသုံးပြုနိုင်သူဖြစ်ရမည်။

(၇) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အကြီးအကဲ၏ ခွင့်ပြုချက်ရရှိပြီးသူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်ပြီး မန္တလေးမြို့တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတိုင်းဦးစီးမှူးရုံး၊ ၅၅ လမ်း၊ ၄၀ _ ၄၁လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၈-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၄။ အထွေထွေဗဟုသုတရေးဖြေစာမေးပွဲ၊ ကွန်ပျူတာကျွမ်းကျင်စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပြီး ကျင်းပမည့်အချိန်နှင့် နေ့ရက်ကို ထပ်မံအသိပေး အကြောင်းကြားသွားပါမည်။

၅။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီ၍ အလုပ်ခန့်ထားခြင်းခံရသူသည် အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၇။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံး၊ ဖုန်းနံပါတ် ၀၂-၂၈၄၈၂၄၁၊ ၀၂-၂၈၄၈၂၄၂၊ ၀၂-၂၈၄၈၂၄၃၊ ၀၉-၂၅၈၅၇၈၇၂၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးတိုင်းဦးစီးမှူးရုံး**

# လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

❖ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"ကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ISPEအသင်း နိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ISPEအသင်းနိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ISPEအသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ ISPEအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ISPEအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄ မိနစ်တွင် လင်းမြင့်မိုရ်ကလည်းကောင်း၊ ပွဲချိန် ၆၁ မိနစ်နှင့် ၈၁ မိနစ်တွင် ဟေမာန်စိုးကလည်းကောင်း၊ ပွဲချိန် ၇၉ မိနစ်တွင် ဆုပြည့်ပြည့်ကျော်ကလည်းကောင်း

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (စင်တီမီတာ ၆၀၀)အထက်သို့ နှစ်လက်မခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့ပြင် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (စင်တီမီတာ ၁၀၇၀)အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာမျက်နှာ- ၂၁

မြဝတီအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် 2024-2025 AFC Women's Champions League Preliminary ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်

စာမျက်နှာ- ၉



